www.free4readers.com

ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေသည်

# မှုခင်းသတင်း ဂျာနယ်
Crime News Journal

**ကူညီပါရစေ**

မြို့တော်အတွင်း ဒုစရိုက်သမားများအတွက် နေရာမရှိစေရ ။
ပြည်သူ့လုံခြုံမှုအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အစွမ်းကုန်ဆောင်ရွက်ပါမည် ။
ပြည်သူလူထုမှ ပူးပေါင်းပါဝင် ကူညီကြပါ ။
ထူးခြားမှုသတင်းနှင့် ဖြစ်စဉ်များအတွက် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပါရန် ။

| | |
|---|---|
| ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ | - ၁၉၉၊ ၂၈၄၅၁၁၊ ၂၈၄၅၀၂၊ ၂၈၃၁၁ |
| အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ | - ၁၉၉၊ ၀၁၀၉၀၁၊ ၂၄၅၂၈၀၊ ၁၇၆၁၁၆ |
| အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့ | - ၁၉၉၊ ၂၀၁၇၆၁၊ ၂၉၆၁၁၀၊ ၂၉၀၁၁၀ |
| မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ | - ၁၉၉၊ ၆၄၅၀၂၊ ၆၄၅၀၂၃၊ ၆၄၅၀၂၅ |
| တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့ | - ၁၉၉၊ ၀၅၆-၂၁၀၄၂၊ ၀၅၆-၂၁၅၂၇ |

အတွဲ(၂၃)၊ အမှတ်(၂) ၁၀ ရက်၊ အောက်တိုဘာလ၊ ၂၀၁၈ ခုနှစ်

## ခိုးမှုဖြင့် ထောင်ကထွက်ပြေးလာသူက မိန်းမပျိုလေးကို သားမယားအဖြစ်ပြုကျင့်ကာ လာရောက်ဖမ်းဆီးသည့် ရဲတပ်ဖွဲ့ဝင်များကို ဓားဖြင့်ခုတ်မှုများဖြင့် အလိုရှိနေသည့် နာ မည် ကြီး တ ရား ခံ ပြေး ဖမ်း ဆီး ရ မိ

PAGE 4





ဖားကန့်မြို့နယ်မှာ ဦးလေးရဲ့ဇနီး အဒေါ်တော်စပ်သူအား တူဝမ်းကွဲတော်စပ်သူက အလိုမတူဘဲ သားမယားပြုကျင့်မှုနှင့် အဓမ္မပြုကျင့်သူနဲ့ အပေါင်းပါများထံမှ ဘိန်းဖြူများထပ်မံဖမ်းမိ

PAGE 22

## ရဲစခန်းက အမှုဖွင့်မပေးရင် ဘာလုပ်ကြမလဲ

PAGE 15

## သရုပ်ဆောင် နှင်းအိရွှေရည် က

PAGE 5

သရုပ်ဆောင် မင်းထက်ကို ဒီသမီးလေးကို အဖေတစ်ယောက်အနေနဲ့ မားမားမတ်မတ်ရပ်တည်စေချင်တယ်ဆိုပြီး ကာမလိမ်လည်မှုနဲ့ တရားစွဲ

## လူမှုရေးဖောက်ပြန်တယ်ဆိုပြီး ဇနီးသည်ကို ဓာတ်ဆီလောင်းမီးရှို့တဲ့လင်

PAGE 23

ညီဖြစ်သူက ဖမ်းဆီးကြိုးတုပ်ပြီး အစ်ကိုဖြစ်သူကိုဖုန်းဆက်ခေါ်ကာ အိမ်ယောင်ရှင် အမျိုးသမီးတစ်ဦးအား အဓမ္မပြုကျင့်သည့် ညီအစ်ကိုနှစ်ဦးဖမ်းဆီး

PAGE 23




Mya Reg: 2106AA1144

PAD
GINVIMIN
NATURAL KOREA GINSENG EXTRACT
LECITHIN, ALOE EXTRACT
MULTI VITAMIN
MINERAL

စွမ်းအားမြှင့်တင်
ဂျင်ဗီမင်

ကိုရီးယားဂျင်ဆင်း
လက်စီသင်
ရှားစောင်းလက်ပတ်
ဗီတာမင် နှင့် သတ္တုဓါတ်
အမျိုးပေါင်း(၂၀)ကျော် ပါဝင်သည်။

အရွယ်ရောက်သူ ကျား၊ မ မရွေး
သက်ကြီးရွယ်အိုများအားလုံး သောက်သုံးနိုင်ပါသည်။



YANGON : No. G 31-33, East Aung San Stadium, Mingalar Taung Nyunt Township. Tel : 09 4286 21266, 09 7986 21266, 09 4430 18855
MANDALAY : No. B-3 (2), 62 Street, Industrial Zone (1), Pyay Gyi Tagon Township. Tel : 02-5154694, 09 91016515, 09 20 60017

# အသိတရားနဲ့ယှဉ် မှခင်းကင်းစင်

ရှင်တော်ဗုဒ္ဓ၏အဆုံးအမများ ဆရာတော်များ၏ အဆိုအမိန့်များကို အခြေခံ၍ ဆရာကာတွန်းစိန်ကြီးမှ သူ၏အတတ်ပညာဖြင့် ရေးသားပူဇော်ထားသည်များအား မှုခင်းကြိုကာအဖြစ် မှုခင်းသတင်းဂျာနယ်ပရိသတ်အတွက် အပတ်စဉ် ဖော်ပြပေးသွားပါမည်။




# ဒလ–တွံတေးကားလမ်းပေါ်မှာ မူးယစ်သားကောင်နှစ်ဦးကို ရဲတပ်ဖွဲ့က လုံးထွေးဖမ်းဆီး

ဒလမြို့သို့ လှိုင်သာယာမြို့နယ်နေသူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့တွင် ဒလမြို့နယ်သို့ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချရန်လာရောက်သည်ကို နယ်ထိန်းအရာရှိနှင့် ရဲတပ်ဖွဲ့ဝင်များက ပိတ်ဆို့ဖမ်းဆီးခဲ့ရာ မူးယစ်ဆေးဝါး၊ ၎င်းဆေးပြား ရောင်းချရရှိငွေများနှင့်အတူ ရှာဖွေတွေ့ရှိ၍ အမှုဖွင့်အရေးယူထားသည်။



ဖြစ်စဉ်မှာ စက်တင်ဘာ ၂၅ ရက်နေ့ မွန်းလွဲ ၃ နာရီ ၄၀ မိနစ်အချိန်က ရဲအုပ်သက်နိုင်အေး၊ ရဲမေ ဒုရဲအုပ် ထက်ထက်ထွန်း၊ တပ်ကြပ်ကြီး မင်းဇော်ဦး၊ ဒုတပ်ကြပ် ရန်အောင်၊ ဝင်းမောင်မောင်၊ သက်သေ ဦးနေလင်း၊ ဦးဇော်လင်း၊ ဦးစိန်မြင့်တို့နှင့်အတူ မူးယစ်ဆေးပြားများ သယ်ဆောင်လာကြောင်း သတင်းအရ ဒလမြို့အဝင်မှ စောင့်နေခဲ့ရာ Bashan တံဆိပ် အမျိုးအစားဖြူ/နက်ကျား ဆိုင်ကယ်ကို လူငယ်တစ်ဦးက မောင်းလာ၍ မိန်းကလေးတစ်ဦး နောက်မှထိုင်စီးလာသည်ကို ရပ်တန့်စေခဲ့ရာ အရှိန်ပြင်းစွာမောင်းနှင်၍ ထွက်ပြေးသွားသဖြင့် တပ်ဖွဲ့ဝင်များက နောက်မှလိုက်လံဖမ်းဆီးရာ ဒလ-တွံတေးကားလမ်းပေါ်ရှိ မီးတန်းယဉ်(၃၀၂)ဖြင့် ပိတ်ဆို့ထားမှုကို ဝင်ရောက်တိုက်မိပြီး လဲကျသွားခဲ့သည်။



၎င်းတို့နှစ်ဦးထွက်ပြေးရန် ကြိုးစားစဉ် ရဲတပ်ဖွဲ့ဝင်များနှင့် သက်သေများက ဝင်ရောက်လုံးထွေးဖမ်းဆီးခဲ့ရာ ထွန်းဦး(ခ) ကိုဦး(၂၄)နှစ်နှင့် မကေခိုင်စိုး(၂၄)နှစ်၊ သုမင်္ဂလာ(၅)လမ်း၊ (၁၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်နေသူတို့နှစ်ဦးတို့ WY စာတန်းပါ လိမ္မော်ရောင်ဆေးပြား (၈၄)ပြား၊ အစိမ်းရောင်ဆေးပြား (၁)ပြား၊ မူးယစ်ဆေးဝါးရောင်းချရရှိငွေကျပ်(၃၈၂၀၀) အမေရိကန်တစ်ဒေါ်လာတန်နှစ်ရွက်၊ ဂက်စ်မီးခြစ်တစ်လုံး ရှာဖွေတွေ့ရှိ၍ မယ (ပ)၃၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်ကာ အခြားကွင်းဆက်အမှုများ ပေါ်ပေါက်အရေးအတွက် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

လွှမ်းမိုး(ဒလ)

# အချစ်ကြီး၍ အမုန်းကြီးသူတို့ရဲ့ အချစ်ဇာတ်လမ်းပြီးဆုံးမှုက ဒီလို . . .

နေ့စဉ်လိုလို ဝက်သားဟင်းနဲ့ ထမင်းစားရတာ အီလယ်လယ်ဖြစ်နေလို့ တစ်ခါတလေ ကြက်သားဟင်းလေး ဘာလေး ညာလေးနဲ့ စားရရင် သိပ်ကောင်းမှာပဲဆိုတဲ့လူ အခုတော့ ထွက်ပြေးနေရပြီ။

အုန်းကျော်(ခင်ဦး)



ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ ဆီတုံလေးကျေးရွာနေ တောင်သူ ကလေး(၃)ယောက်မိခင် မချိုမာအား ယောက်ျားဖြစ်သူ ကိုကျော်စိန်ဝင်းသည် ၂၅-၆-၂၀၁၈ ရက်နေ့ ည ၁၂ နာရီခန့်တွင် အိမ်အပေါ်ထပ်အိပ်နေစဉ် အိမ်အပေါ်ထပ်သို့ တက်ရောက်ပြီး ဓားရှည်နှင့်ခုတ်ထွက်ပြေးသွားသည်။

ဇနီးဖြစ်သူ မချိုမာမှာ ဦးခေါင်းပျက်နှာ၊ လက်နှစ်ဖက်တို့တွင် ပြင်းထန်သောဒဏ်ရာများရရှိခဲ့ပြီး သွား(၅)ချောင်းကျိုးသွား၍ ရုပ်ပျက်ဆင်းပျက်ဒဏ်ရာများရရှိခဲ့သည်။

အခင်းဖြစ်ပြီးနောက် နာရီအနည်းငယ်အကြာခန့်တွင် တစ်ရွာတည်းနေ ဦးသံခဲ ကိုကျော်တို့ လာတွဲခေါ်ပြီး ရွာမှလူမှုကူညီရေးကားပေါ်သို့ ပို့ဆောင်ပေးခဲ့ကြသည်။

တိုနေ့ည ၁ နာရီခန့်တွင် ခင်ဦးဆေးရုံသို့ ရောက်ရှိခဲ့သည်။ ခင်ဦးမှတစ်ဆင့် ရွှေဘိုဆေးရုံသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့ပြီး ရွှေဘိုဆေးရုံတွင် ၁၀ ရက်ကျော်ခန့် တက်ရောက်ကုသမှုခံယူခဲ့ရသည်။

မချိုမာသည် ကိုကျော်စိန်ဝင်းနှင့် ညားခဲ့၍ သားသမီး(၃)ယောက် ထွန်းကားခဲ့ပြီး သားအကြီးက (၁၀)တန်း၊ သားအလတ်က (၈)တန်း၊ သမီးအငယ်လေးက သူငယ်တန်းဖြစ်သည်။ ယောက်ျားဖြစ်သူ ကိုကျော်စိန်ဝင်းနှင့် အိမ်ထောင်ကွဲနေသည်မှာ (၁၀)နှစ်ခန့်ရှိပြီဖြစ်သည်။ သားအကြီးတောင် (၁၀)တန်းရောက်နေသည်။ မချိုမာသည် လင်ရှိမှုဆိုးမဘဝနှင့် ရုန်းကန်လှုပ်ရှားခဲ့ရသည်မှာ ဦးခေါင်းတွင် ဆံပင်မရှိအောင် ခေါင်းရွက်ဖြတ်ထိုးနှင့် တစ်ရွာဝင်တစ်ရွာထွက် ကုန်စိမ်းသည်ဘဝအဖြစ်နှင့် သားသမီး(၃)ယောက်ကို ပညာရေးအောက်တန်းမကျအောင် ကျူရှင်ဘော်ဒါ





ဆောင်ထားနိုင်သည်အထိ ကြိုးစားလုပ်ကိုင်နေသူဖြစ်သည်။

ယောက်ျားဖြစ်သူ ကိုကျော်စိန်ဝင်း၏ အရက်မူးလာတိုင်း အရိုက်အနှက်အနှိပ်အစက်ခံရသည့် ရက်လနှစ်တွေက လက်ချိုးရေတွက်လို့ မရနိုင်ပါချေ။ သည်တော့လည်း သူ့ဘဝတစ်ကောင်ကြွက်ဘဝနှင့် ရပ်တည်ရုန်းကန်လှုပ်ရှားနေခဲ့ရသည်။

မိုးမင်းကြီးက ရွာမလိုလိုနဲ့ မရွာဘဲ အုံ့ဆိုင်းမှိုင်းဝေနေသည့် ကာလမျိုးမှာ ယောက်ျားရိုက်ခဲ့သည့် ဒဏ်ရာဒဏ်ချက်တွေက မနေနိုင်မထိုင်နိုင်အောင် ကိုက်ခဲနာကျင်လွန်းလို့ ခံစားရသည့် နေ့ညရက်တွေကလည်း မနည်းလှပါပေ။

မချိုမာသည် နေ့တစ်နေ့မှာတော့ ဈေးတောင်းကိုခေါင်းပေါ်တင်ရင်း အဖြေတစ်ခုတွက်ခဲ့သည်။ ဒါ ယောက်ျားနဲ့တရားဝင် ကွာရှင်းတော့မှ ဖြစ်မည်ဆိုသည့်အတိုင်း ဆုံးဖြတ်ချက်ချ၍ ခင်ဦးမြို့နယ်



တရားရုံးသို့ ကွာရှင်းခွင့်များဦးတိုက်လျှောက်ထားခဲ့သည်။

>>> စာမျက်နှာ(၂၃)သို့

www.free4readers.com



## တပ်ကုန်းမြို့မှာ (၁၂)ဘီးယာဉ်နဲ့သယ်လာတဲ့ ခဲမဖြူ အဖြိုက်နက်တွေဖမ်းမိ

၁၆-၉-၂၀၁၈ ရက်နေ့ မွန်းလွဲ ၂ နာရီခွဲအချိန်ခန့်တွင် တပ်ကုန်းမြို့ အေးရားဝေါလ်တိုးဂိတ်အနီး၌ ပျဉ်းမနားမှ တပ်ကုန်းမြို့သို့ ကျော်လှိုင်(၅၉)နှစ်၊ တောင်ငူမြို့နေသူ မောင်းနှင်ပြီး အေးမင်းပိုင်(၂၀)နှစ် လိုက်ပါလာသည့် ဖူဆို(၁၂)ဘီးယာဉ်ကို သက်ဆိုင်ရာပူးပေါင်းအဖွဲ့ဝင်များက ရှာဖွေခဲ့သည်။

ယာဉ်ပေါ်တွင် မြွေရေခွံအိတ်များဖြင့်ထည့်ထားသည့် ခဲမဖြူ/အဖြိုက်နက်အမှုန့် ၃၀၀ အိတ် ၁၅၀၀ ကီလိုကိုလည်းကောင်း၊ ညီညီအောင်(၃၆)နှစ် မောင်းနှင်ပြီး ကျော်ဆန်းလင်း(၁၇)နှစ်လိုက်ပါလာသည့် ဖူဆို (၁၂)ဘီးယာဉ်ပေါ်တွင် မြွေရေခွံအိတ်များဖြင့်ထည့်ထားသည့် ခဲမဖြူ/အဖြိုက်နက် အမှုန့် ၃၀၀ အိတ် ၁၅၀၀ ကီလိုအားလည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

၎င်းတို့(၄)ဦးကို တပ်ကုန်းမြို့မရဲစခန်းမှ (ပ)၂၄၇/၂၀၁၈၊ (ပ)၂၄၆/၂၀၁၈၊ သတ္တုတွင်းဥပဒေပုဒ်မ ၃၁ အရ အသီးသီး အမှုဖွင့်အရေးယူခဲ့ပြီး သိမ်းဆည်းရမိသည့် ခဲမဖြူ/အဖြိုက်နက်များကို အမှတ်(၂)သတ္တုတွင်းလုပ်ငန်း နေပြည်တော်သို့ လွှဲ ပြောင်းပေးအပ်ရန် ဆောင်ရွက်လျက်ရှိသည်။

အောင်မင်းညို

## မန္တလေးမှာတော့ မူးယစ်ဆေးဝါးကိစ္စ သတင်းပေးရန် ပျက်ကွက်သည့် ရပ်/ကျေးအုပ်ချုပ်ရေးတာဝန်ရှိသူများကို သတိပေးတော့မယ်တဲ့

မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲခြင်း သတင်းများပေးရန် ပျက်ကွက်သည့် ရပ်/ကျေးအုပ်ချုပ်ရေးတာဝန်ရှိသူများကို တာဝန်မထမ်းဆောင်ဟုဆိုတာ သတိပေးမှတ်တမ်းတင်မည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က ပြောကြားသည်။

"မတင်ခဲ့ဘဲနဲ့ သူတို့ရဲ့နယ်မြေက မိတယ်ဆိုရင် ဒီလူတွေဟာ သူတို့ရဲ့တာဝန်ကို မထမ်းဆောင်ဘူးဆိုပြီးတော့ သတိပေးမှတ်တမ်းတင်မှာဖြစ်တဲ့အတွက် အပတ်စဉ်ပြောပါတယ်"ဟု ဝန်ကြီးချုပ်က ဆိုသည်။

ရပ်ကျေးအုပ်ချုပ်ရေး တာဝန်ရှိသူများထံမှ တင်ပြလာသည့်အချက်အလက်များကို မူးယစ်တပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးပို့ရကြောင်း ဝန်ကြီးချုပ်က ထပ်လောင်းပြောဆိုသည်။

တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ကျူးကျော်တဲများ မရှိစေရေး စသည့်လုပ်ငန်းစီမံချက်များကို တစ်ပတ်တစ်ကြိမ် သောကြာနေ့တိုင်းရေး၍ ပေးပို့ရကြောင်း ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက် အုပ်ချုပ်ရေးမှူးက ပြောပြ၏။

"မူးယစ်ဆေးဝါး သုံးစွဲတယ်လို့ သံသယရှိတယ်ဆိုရင် ရာအိမ်မှူးတွေ ကွက်စိပ်မှူးတွေနဲ့ သူ့ကို စောင့်ကြည့်ရတယ်။ အဲဒီလို စောင့်ကြည့်နေတဲ့အကြောင်းလည်း တင်ပြရပါတယ်။ ကျူးကျော်တဲတို့ ဘာတို့ကတော့ ကျွန်တော်တို့ရပ်ကွက်မှာ မရှိပါဘူး"ဟု ၎င်းက ရှင်းပြသည်။

တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းရေး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအတွက် ဇွန်လ ၂၅ ရက်မှစ၍ စက်တင်ဘာလ ၂၄ ရက်အထိရက်ပေါင်းကိုးဆယ် ပြုလုပ်ခဲ့သည့် သိန်းငှက်စစ်ဆင်ရေး စီမံချက်ကာလအတွင်း အမှုပေါင်း ၃၃၀၀ ကျော်နှင့် တရားခံ ၃၅၀၀ ကျော်ကို ဖမ်းဆီးနိုင်ခဲ့ကြောင်း တိုင်းရဲတပ်ဖွဲ့ထံမှ သိရ၏။

မောင်အာသံ

## မင်္ဂလာတောင်ညွန့်၌ ယာဉ်ပေါ်မှဆင်းလာသူ လင်မယားနှစ်ဦးကို လူမြင်ကွင်းတွင် ဓားရှည်ဖြင့်ဝိုင်းခုတ်သူ ခုနစ်ဦးအနက် တစ်ဦး ဖမ်းဆီးရမိထားကြောင်း ထုတ်ပြန်

မင်္ဂလာတောင်ညွန့်စံပြညေးဈေး(ယခင် အမဲဈေး)သို့ ကိုယ်ပိုင်ယာဉ်ဖြင့်လာသည့် လင်မယားနှစ်ဦးအား လူမြင်ကွင်းတွင် ဓားရှည်များဖြင့် ဝိုင်းခုတ်သူခုနစ်ဦးအနက် အမျိုးသားတစ်ဦးကို စက်တင်ဘာ ၂၅ ရက်ညပိုင်း၌ ဖမ်းဆီးရမိကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ဖြစ်စဉ်မှာ ဓားဖြင့်အခုတ်ခံရသူ လင်မယားနှစ်ဦးမှာ မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက်၌ နေထိုင်သူ ဒေါ်မိမိစိုး(၄၀)နှစ်နှင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဇော်ထွန်းမင်း(ခ)ဇော်ကြီး(၄၁)နှစ်တို့ ဟိုက်ဂျက်ယာဉ်ဖြင့် မင်္ဂလာတောင်ညွန့်စံပြအမဲဈေးသို့ စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင် ထွက်လာခဲ့သည်။

ယင်းနောက် မြေယာကုန်းလမ်းနှင့် (၁၂၃)လမ်းထိပ်အရောက် ယာဉ်သုံးစီးမှ ရှေ့နောက်ပိတ်ရပ်၍ ယင်းယာဉ်များပေါ်မှ ယခင်က စကားများဖူးသော ဟူစိန်ပါအမျိုးသားခုနစ်ဦးတို့ ဆင်းလာပြီး ဓားများဖြင့် ဝိုင်းခုတ်ခဲ့ကြခြင်းဖြစ်သည်။

ဓားခုတ်ခံရမှုကြောင့် ဒေါ်မိမိစိုးနှင့် ဇော်ထွန်းမင်း(ခ)ဇော်ကြီးတို့ နှစ်ဦးတွင် ခန္ဓာကိုယ်အနှံ့ပြတ်ရှဒဏ်ရာရရှိခဲ့သဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသထားကြောင်းနှင့် အဆိုပါဓားဖြင့်ဝိုင်းခုတ်သူများကို ဒေါ်မိမိစိုးက တရားလိုပြုလုပ်၍ သက်ဆိုင်ရာသို့ တိုင်ကြားထားပြီး အဆိုပါ ဟူစိန်၊ ဟာဆန်၊ အဘတ်စလီနှင့် အမည်မသိအမျိုးသားလေးဦး စုစုပေါင်းခုနစ်ဦးတို့အား မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှ (ပ) ၅၀၇/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၂၆/၁၁၄ (ထက်သောလက်နက်ဖြင့် ပြင်းထန်နာကျင်စေမှု/အားပေးကူညီမှု)ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

နောင်(စက်မှု)

❖ ❖ ❖

**မှုခင်းသတင်းဂျာနယ် မှန်မှန်ဖတ်ခြင်းသည် မိမိဘဝ လုံခြုံရေးအတွက် ကာကွယ်ရေးဆေးတစ်မျိုး ကြိုသောက်ခြင်း ဖြစ်သည်။**

## သံဃာတော်တစ်ပါးမောင်းနှင်လာသော ယာဉ် ဈေးဆိုင်နှင့် လူများ ဆိုင်ကယ်များကို ဝင်တိုက်မှု

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၊ သာယာဝတီမြို့မရဲစခန်းအပိုင် ရန်ကုန်-ပြည်ကားလမ်းတွင် သံဃာတော်တစ်ပါး မောင်းနှင်လာသောယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ ဈေးဆိုင်များနှင့် လူများဆိုင်ကယ်တို့ကို ဝင်ရောက်တိုက်မိသဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။



ဖြစ်စဉ်မှာ ၂၅-၉-၂၀၁၈ ရက်နေ့ ညနေ ၄ နာရီခွဲအချိန်ခန့်တွင် အမှတ်(၁၄) ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံး သာယာဝတီမြို့မှ ရဲအုပ် တင်ဌေး တာဝန်ထမ်းဆောင်နေစဉ် ကျွန်းကုန်းကျေးရွာ/အုပ်စု ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ်(၇၅/၅-၆)ကြားတွင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသဖြင့် ရဲအုပ် တင်ဌေးနှင့် ဒုရဲအုပ် အုန်းခိုင်တို့ ဦးဆောင်သည့် ရဲတပ်



ဖွဲ့ဝင်တို့သည် သက်သေများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြ၏။

စစ်ဆေးတွေ့ရှိချက်အရ ရန်ကုန်-ပြည်ကားလမ်းအတိုင်း ပြည်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဦးဥတ္တမ သက်တော်(၄၃)နှစ်၊ ဝါတော်(၂၃)ဝါ၊ သာသနာ့လင်္ကာရကျောင်းတိုက် ကညင်တိုအုပ်စု အောင်မြေကုန်းရွာ၊ လက်ပံတန်းမြို့နယ်နေသူ မောင်းနှင်လာသော ယာဉ်အမှတ် RLG/××××MARK II ယာဉ်မှ အရှိန်လွန်၍ လမ်း၏ ယာဘက်ခြမ်းသို့ ထိုးကျသွားခဲ့ပြီး လမ်းဘေးတွင် ရပ်ထားသည့် နံပါတ်မပါ KINDIAN အမျိုးအစား အနက်ရောင်(လိုင်စင်စိစစ်ဆဲ) ဆိုင်ကယ် ၅၄ယ/×××× HONDA အမျိုးအစား အနက်ရောင်ဆိုင်ကယ်(လိုင်စင်စိစစ်ဆဲ)၊ ဆိုင်ကယ်နံပါတ်မပါ LUOJIA အမျိုးအစား အနက်ရောင်(လိုင်စင်စိစစ်ဆဲ) ဆိုင်ကယ်၊ ၃၀ယ/×××× Hensim အမျိုးအစား အနက်ရောင်(လိုင်စင်စိစစ်ဆဲ)ဆိုင်ကယ် (၄)စီးတို့အား ဝင်ရောက်တိုက်မိကာ လမ်းဘေးတွင် ဖွင့်ထားသော ဈေးဆိုင်အား ဆက်လက်ဝင်ရောက်တိုက်မိသွားသဖြင့် ဈေးဆိုင်အတွင်းရှိနေသည့် ဦးနိုင်စိုး(၃၉)နှစ်၊ ချောင်းသုံးခွရွာ၊ သာယာဝတီမြို့နယ်နေသူတွင် ဝဲပခုံးနာကျင်ဒဏ်ရာ (၁)ချက်၊ ဝဲခြေသလုံး ပွန်းခြစ်ဒဏ်ရာ (၁)ချက်နှင့် ဦးထွန်းလင်းဇော်(၂၅)နှစ်၊ ဝက်လုကြီးရွာ မင်းလှမြို့နယ်နေသူတွင် ဝဲမျက်ခုံးပေါက်ပြဲဒဏ်ရာ (၁)ချက်၊ ယာချိုစောင်းနာကျင်ဒဏ်ရာ (၁)ချက်၊ ရင်ဘတ်အောင့် ဝဲပေါင်နာကျင်ဒဏ်ရာ (၁)ချက်၊ ဦးကိုကိုအောင်(၂၅)နှစ်၊ ဝက်လုကြီးရွာ၊ မင်းလှမြို့နယ်နေသူတွင် ဝဲခြေဖနောင့်ပွန်းခြစ်ဒဏ်ရာ (၁)ချက်၊ ယာဒူးခေါင်းပွန်းခြစ်ဒဏ်ရာ (၁) ချက်၊ ဝဲနားထင်ပွန်းခြစ်ဒဏ်ရာ (၁)ချက်၊ ဒေါ်လှသွယ်(၅၆)နှစ်၊ လိပ်ဥကုန်းရွာ သာယာဝတီမြို့နယ်နေသူတွင် ဝဲတံတောင်ပွန်းခြစ်ဒဏ်ရာ (၁)ချက်၊ ယာတံတောင်ဖူးရောင်ဒဏ်ရာ (၁)ချက်၊ ဖိုက်အောင့်၊ ခေါင်းမူး (စိုးရိမ်ရ)၊ မမေသွယ်အောင်(၃၃)နှစ်၊ ချောင်းသုံးခွရွာ၊ သာယာဝတီမြို့နယ်နေသူတွင် နဖူးပေါက်ပြဲဒဏ်ရာ (၁)ချက်၊ မေးစေ့အောက်ပွန်းပဲ့ဒဏ်ရာ (၁)ချက်၊ ယာလက်မောင်းဖူးရောင်ဒဏ်ရာ (၁)ချက်၊ ဝဲတံတောင်ပွန်းခြစ်ဒဏ်ရာ (၁)ချက်၊ ယာခြေခုံပွန်းခြစ်ဒဏ်ရာ (၁)ချက်တို့ ဒဏ်ရာအသီးသီးရရှိသွားခဲ့၏။

ထို့ကြောင့် ယာဉ်အား မဆင်မခြင်မောင်းနှင်ပြီး လူအားထိခိုက်ဒဏ်ရာရစေသူ ယာဉ်မောင်း ဦးဥတ္တမအား အရေးယူပေးပါရန် ရဲအုပ် တင်ဌေးမှ တရားလိုပြုလုပ်တိုင်တန်းသဖြင့် သာယာဝတီမြို့မရဲစခန်းမှ (ပ) ၅၁/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၃၇/၃၃၈ ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး ဒဏ်ရာအသီးသီးရရှိသူတို့ ဆေးကုသမှုခံယူနိုင်ရန် ရဲဆေးစာပြုလုပ်ပြီး သာယာဝတီပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကာ သက်သေခံပစ္စည်းယာဉ်အား သိမ်းဆည်းပြီး အမှုအား တရားစွဲတင်နိုင်ရေးအတွက် ဒုရဲအုပ် အုန်းခိုင်မှ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ကိုနန္ဒ(လက်ပံတန်း)

## အုံ့ညြစရာ ဆံတော်ရှင်ကျိုက်ထီးရိုး ရင်ပြင်တော်၌ ထားရှိသည့်အလှူခံပုံး ခိုးယူခံရ

စက်တင်ဘာ ၂၄ ရက်နေ့က မွန်ပြည်နယ်၊ ကျိုက်ထိုရှိ ဆံတော်ရှင်ကျိုက်ထီးရိုးရင်ပြင်တော်၌ အများပြည်သူလှူဒါန်းနိုင်ရန်ထားရှိသည့် အလှူခံပုံးတစ်ပုံးကို ခိုးယူခံရမှု ဖြစ်ပွားခဲ့သည်။

၎င်းဖြစ်စဉ်မှာ ထိုနေ့ ည ၉ နာရီက တာဝန်ကျလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင် ဦးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရင်ပြင်တော်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များနှင့်အတူ ရင်ပြင်တော်ပေါ်၌ ထားရှိသည့်အလှူခံပုံး ၁၀ ပုံးကို စုစည်း၍ နိုင်လွန်ကြိုးနှင့် ချည်ကာ တာလပတ်အုပ်၍ သိမ်းဆည်းထားခဲ့ကြောင်း၊ ည ၁၂ နာရီတွင် လှည့်ကင်းဆောင်ရွက်စစ်ဆေးရာ အလှူခံပုံးများကို ချည်နှောင်ထားသည့် နိုင်လွန်ကြိုးမှာ ပြတ်တောက်လျက်ရှိပြီး အလျား နှစ်ပေ၊ အနံ တစ်ပေခွဲ၊ အမြင့် နှစ်ပေရှိ အလှူခံပုံးမှာ ပျောက်ဆုံးနေသည်ကို တွေ့ရှိရ၍ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးမြသောင်းနှင့် ဦးတင်ဝင်းတို့ထံ သတင်းပို့ပြီး နယ်မြေခံရဲကင်းစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၁၅)ရဲတပ်ဖွဲ့မှ အရာရှိနှင့် တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ အရာရှိနှင့် တပ်ဖွဲ့ဝင်များက လိုက်လံပိတ်ဆို့ရှာဖွေခဲ့ကြ၏။

ထိုသို့ရှာဖွေရာတွင် ကျိုးကန်းပါးစပ်သို့ သွားသည့် လမ်းဘေးရှိ ဟိုတယ်တံခါးဘေးတွင် ရွှေစင်ရွှေပြားဟု ရေးသားထားသည့် ပျောက်ဆုံးအလှူခံပုံးအား မှန်ကွဲလျက်တွေ့ရှိရပြီး အလှူခံပုံးအတွင်း ပြည်သူအများလှူဒါန်းထားသည့် အလှူငွေများ မတွေ့ရှိရသဖြင့် ခိုးယူသွားသူများအား ပိတ်ဆို့ရှာဖွေလျက်ရှိကြောင်း သိရသည်။

နယ်လှည့်သတင်းသမား

❖ ❖ ❖

# သတင်း နိုင်ပါ



■ ရုပ်ရှင်ပိုး ■



**တောင်းရမ်းစားသောက်နေသော ကလေး ၄၀၀ ကျော်ကို ရန်ကုန်တိုင်းအတွင်းမှာ ထိန်းသိမ်း**

ယခုနှစ် ခုနစ်လအတွင်း ရန်ကုန်တိုင်း၌ တောင်းရမ်းစားသောက်နေသော ကလေးသူငယ် ၄၀၀ ကျော်ကို ထိန်းသိမ်းခဲ့ကြောင်း ရန်ကုန်တိုင်းလူမှုရေးဝန်ကြီးထံမှ သိရ၏။

စက်တင်ဘာ ၂၁ ရက်ကပြုလုပ်သည့် ရန်ကုန်တိုင်းလွှတ်တော်၌ လမ်းမတော်မြို့နယ် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမာက တောင်းရမ်းစားသောက်နေသော ကလေးငယ်ဦးရေ မည်မျှရှိကြောင်းနှင့် ၎င်းကလေးများသည် ပညာရေးမည်သို့ စီစဉ်ဆောင်ရွက်ထားကြောင်း မေးမြန်းရာ လူမှုရေးဝန်ကြီးက ထိုသို့ပြောပြ၏။

၂၀၁၈ ဇန်နဝါရီမှ ဇူလိုင်အထိ ကလေးသူငယ် ထိန်းသိမ်းမှုယောက်ျားလေးနှင့် မိန်းကလေး စုစုပေါင်း ၄၂၇ ဦးရှိကြောင်း ဦးနိုင်ငံလင်းက ပြောသည်။

၎င်းတို့အနက် အသက်အပိုင်းအခြားအလိုက် မွေးစမှ (၅)နှစ်အထိ ရွှေဂုံတိုင် ကလေးပြုစုရေးဌာနသို့ ပို့အပ်မှုယောက်ျားလေး တစ်ဦး၊ အသက်(၆)နှစ်မှ (၁၂)နှစ်အထိ သန်လျင်လူငယ်သင်တန်းကျောင်းသို့ မိန်းကလေး ၂၂ ဦး၊ မလိခအမျိုးသမီးသင်တန်းကျောင်းသို့ မိန်းကလေးတစ်ဦးတို့ ရှိကြောင်း ဝန်ကြီးက ဆိုသည်။

ဆက်လက်၍ မော်ဘီဝါးနက်ချောင်း လူမှုစောင့်ရှောက်ရေးဌာနသို့ မိခင်နှင့်အတူ ရင်ခွင်ပိုက်ကလေးငယ် ၁၉၄ ဦးရှိပြီး သက်ဆိုင်ရာရဲစခန်းသို့ အမှုဖြင့် ပြန်လည်လွှဲအပ်မှု ယောက်ျားလေး သုံးဦး၊ မသန်စွမ်းသင်တန်းကျောင်းသို့ ယောက်ျားလေး တစ်ဦးနှင့် မိဘခံဝန်ဖြင့် ပြန်လည်အပ်နှံမှု ၁၅၉ ဦးရှိကြောင်း ၎င်းက ပြောသည်။ "တောင်းရမ်းစားသောက်နေတဲ့ ကလေးငယ်အရေအတွက် ဘယ်လောက်ရှိတယ်ဆိုတာ စစ်တမ်းကောက်ယူထားခြင်းမရှိတဲ့အတွက် တင်ပြနိုင်ခြင်းမရှိသေးပါဘူး"ဟု ဦးနိုင်ငံလင်းက ပြောကြားသည်။ ၂၀၁၆ ကစ၍ ရန်ကုန်တိုင်းအတွင်း လမ်းပေါ်ကလေးပပျောက်ရေး စီမံချက်ရေးဆွဲ၍ ခရိုင်လေးခုရှိ ရန်ကုန်ဘူတာကြီး၊ ပန်းဆိုးတန်းဆိပ်ကမ်း၊ သီရိမင်္ဂလာဈေး၊ သန်လျင်လူငယ်သင်တန်းကျောင်း၊ ထောက်ကြန့်အမျိုးသမီးကလေးကျောင်း၊ လှည်းတန်း၊ ဒလ၊ တညင်းကုန်း၊ အောင်မင်္ဂလာ၊ မင်္ဂလာတောင်ညွန့်၊ YCDC နှင့် World Vision Center ဟူသည့် ၁၂ နေရာတွင်ရှိသော ကလေး ၁၆၀ ကျော်ကို လမ်းပေါ်ရောက်ရခြင်းနှင့် ပတ်သက်သည့်စစ်တမ်းသာ ကောက်ယူနိုင်ခဲ့ကြောင်း ဝန်ကြီးက ဆိုသည်။

၂၀၁၇ တွင် ကလေးသူငယ် ၁၀၀၀ ကျော်ကို ထိန်းသိမ်းခဲ့ကြောင်း ဝန်ကြီးက ရှင်းပြသည်။

လူငယ်သင်တန်းကျောင်းသုံးကျောင်းတွင် ၂၁၃ ဦး၊ အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းတွင် ၃၀ ဦး ပညာသင်ကြားနေပြီး လက်ရှိအလုပ်အကိုင်ရရှိမှုအခြေအနေ ၂၁ ဦးဖြစ်သည်ဟု ဆိုသည်။ လမ်းပေါ်သို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသည့် အသက်(၁၈)နှစ်အထက် မသန်စွမ်းများ၊ သက်ကြီးရွယ်အို၊ ဉာဏ်ရည်မပြည့်မီသူများကို မော်ဘီဝါးနက်ချောင်းကျေးရွာ၌ ဖွင့်လှစ်ထားသည့် လူမှုကာကွယ်စောင့်ရှောက်ရေးဌာနသို့ ပို့ဆောင်ပေးနေကြောင်း ၎င်းက ပြောသည်။

**ဝေဖန်မှုတွေကြောင့် ဖိအားမဖြစ်စေချင်လို့ သရုပ်ဆောင်သစ်တွေ မကြေညာသေးတဲ့ ထူးပိုင်ဇော်ဦး**

နာမည်ကြီးဝတ္ထုများကို ရုပ်ရှင်ရိုက်ကူးပါက သရုပ်ဆောင်ရွေးချယ်မှုနှင့် ပတ်သက်၍ ဝေဖန်လေ့ရှိသောကြောင့် "လရဲ့အောက်ဘက်မိုင်အဝေးမှာ"ရုပ်ရှင်အတွက် ရွေးချယ်ထားသည့် သရုပ်ဆောင်များကို ထုတ်မပြသေးခြင်းဖြစ်ကြောင်း ဒါရိုက်တာ ထူးပိုင်ဇော်ဦးက ပြောသည်။

"ဇာတ်ကောင်တွေက သူတို့မျှော်လင့်တဲ့ ပုံစံမဟုတ်တာ၊ အံဝင်ခွင်ကျမဖြစ်တာ အဲဒီလိုနေရာတွေမှာ အသံတွေထွက်တတ်တော့ အဲဒီလိုမျိုးထွက် လာမယ့်အသံတွေရဲ့ Pressure တွေကို ကျွန်တော်ရွေးထားတဲ့ သရုပ်ဆောင်တွေကို မခံစေချင်ဘူး။ အလုပ်နဲ့ပဲ သက်သေပြချင်တယ်"ဟု ၎င်းက ပြောသည်။

စာရေးဆရာမဂျူး၏ "လရဲ့အောက်ဘက်မိုင်အဝေးမှာ"ဝတ္ထုတွင် အဓိကဇာတ်ဆောင်နှစ်ဦးဖြစ်သည့် သိဒ္ဓိနှင့် ဒီပါနေရာအတွက် အသက်အရွယ်နှင့် လိုက်ဖက်သည့် သရုပ်ဆောင်အသစ်များ ရွေးချယ်ထားပြီး လက်ရှိတွင်ဇာတ်ကားရိုက်ကူးရေး လေ့ကျင့်ပေးနေကြောင်း ၎င်းက ဆိုသည်။

"အသစ်တွေကို လုံးဝရွေးလိုက်တာက အသက်(၁၅)နှစ်နဲ့ (၁၈)နှစ်ကိုကိုယ်စားပြုရမယ့် သရုပ်ဆောင် နှစ်ယောက်ဆိုတော့ ရှိပြီးသား ဝါရင့်သရုပ်ဆောင်တွေနဲ့ဆိုရင် ပြင်ပက ဘယ်သူပါလားဆိုပြီး ထင်သွားတာထက်စာရင် ဆရာမရဲ့ ဇာတ်ကောင်တွေအဖြစ် ကြည့်ရှုတဲ့အချိန်မှာ ခံစားစေချင်တဲ့အတွက် တစ်ခါမှ မမြင်ဖူးတဲ့ သရုပ်ဆောင်တွေကိုပဲ သုံးဖြစ်သွားတာပါ"ဟု ထူးပိုင်ဇော်ဦးက သရုပ်ဆောင်သစ်များနှင့် ရိုက်ကူးရသည့်အကြောင်းကို ပြောသည်။

ယင်းဇာတ်ကားတွင် သရုပ်ဆောင်အသစ်များနှင့်အတူ အခြားဇာတ်ကောင်နေရာများအတွက် နာမည်ကြီးဝါရင့်သရုပ်ဆောင်များ ပါဝင်ရန် အစီအစဉ်ရှိသည်ဟု ၎င်းက ဆိုသည်။

"၂၀၁၉ ဇန်နဝါရီလောက်ရိုက်ဖို့တော့ မှန်းထားပါတယ်။ ဒါပေမဲ့ ကြားထဲမှာ ညှိနှိုင်းစရာလေးတွေ၊ ပြင်ဆင်စရာလေးတွေရှိတဲ့အတွက် အချိန်အတိအကျတော့ မပြောနိုင်သေးဘူး"ဟု ဒါရိုက်တာ ထူးပိုင်ဇော်ဦးက ပြောကြားသည်။

"လရဲ့ အောက်ဘက်မိုင်အဝေးမှာ" ဇာတ်ကားသည် ဒါရိုက်တာ ထူးပိုင်ဇော်ဦး၏ တတိယမြောက်ရုပ်ရှင်ဖြစ်ပြီး ဒုတိယမြောက်ရုပ်ရှင် "သူစိမ်းအိမ်"ကို ယခုနှစ်အတွင်း ရိုက်ကူးခဲ့သည်။

"ဒီဝတ္ထုက နာမည်လည်းကြိုက်တယ်။ ဇာတ်လမ်းလည်း ကြိုက်တယ်။ ကာရိုက်တာတွေကိုလည်း ကြိုက်တယ်။ ကိုယ့်ကို လွှမ်းမိုးပြီးသား ဝတ္ထုဖြစ်တဲ့အတွက် ဘာမှ ပြောင်းလဲဖို့ မရှိပါဘူး။ ဇာတ်လမ်းပုံစံလေးကပဲ ဝတ္ထုအရသာနဲ့ မတူတဲ့၊ ရုပ်ရှင်ဖြစ်အောင် Presentation လေးပြောင်းဖို့ရှိပါတယ်။ ကျန်တာကတော့ ဆရာမရဲ့ ဝတ္ထုရဲ့ ခံစားချက်အတိုင်းပဲ သွားမှာပါ"ဟု ထူးပိုင်ဇော်ဦးက ပြောသည်။



**တောက်တဲ့တွေဈေးကောင်းတုန်းက တောက်တဲ့မုဆိုးတွေမတွေ့လိုက်ဘဲ ကံကောင်းစွာကျန်ခဲ့တဲ့ ကမ္ဘာမှာ မြန်မာပညာရှင်အမည်ဖြင့် အသိအမှတ်ပြုမှတ်တမ်းတင်ထားတဲ့ ရှားပါးတောက်တဲ့မျိုးစိတ်**

လူတိုင်းမမြင်ဖူးကြတဲ့ တိရစ္ဆာန်တစ်မျိုးပါ။ ပုပ္ပါးတောင်၌ တွေ့ရှိသည့် တောက်တဲ့မျိုးစိတ်သစ်ကို မြန်မာပညာရှင်အမည်ဖြင့် စက်တင်ဘာ ၁၉ ရက်တွင် အသိအမှတ်ပြုမှတ်တမ်းတင်ခဲ့သည်။

တောက်တဲ့မျိုးစိတ်သစ်သည်ကျောက်တောင်များကြားတွင် နေထိုင်သည့်ကျောက်တောက်တဲ့အမျိုးအစားဖြစ်ပြီး အမေရိကန်နိုင်ငံ ဓာတ်ခွဲခန်း၌ မျိုးရိုးဗီဇစစ်ဆေးကာ ပထမဆုံးတွေ့ရှိသည့် မြန်မာပညာရှင် ဦးမြင့်ကျော်သူရအမည်ကို အစွဲပြု၍ သိပ္ပံနာမည်ကို Cyrtodactylus myinkyaw thurai (မြင့်ကျော်သူရအိုင်)ဟု ပေးအပ်ခြင်းဖြစ်သည်။

▶▶▶ စာမျက်နှာ(၁၈)သို့



www.free4readers.com




ဥပဒေအသိပညာမရှိလျှင် ဥပဒေရဲ့ ကာကွယ်မှုကို မရနိုင်

# ဥပဒေ
## အသိပညာပေးကဏ္ဍ

ဥပဒေအယ်ဒီတာ - မောင်ညာဏ်စိန်(ညွှန်ကြားရေးမှူး-ငြိမ်း)၊ တရားရုံးချုပ်၊ တရားလွှတ်တော်ရှေ့နေ။

# ရှမ်းပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ဆုံးဖြတ်ချက်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အမှုခေါ်စာချွန်တော်အမိန့်ဖြင့်ပယ်ဖျက်

**၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ**

၂၀၁၂ ခုနှစ်မှာ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁ အဖြစ်၊ လယ်ယာမြေဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ အခန်းပေါင်း ၁၃ ခန်း၊ ပုဒ်မပေါင်း ၄၃ ခု ပါရှိခဲ့ပါတယ်။ အခန်း(၅)မှာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်ဖွဲ့စည်းခြင်း ပါရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၂ ဖြင့် လယ်ယာမြေဥပဒေများ ထုတ်ပြန်ခဲ့ပါတယ်။ အခန်းပေါင်း ၁၃ ခန်း၊ ပုဒ်မပေါင်း ၁၁၇ ထိ ပါဝင်ပါတယ်။ သည်နည်းဥပဒေအရ ၁၉၅၄ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး နည်းဥပဒေများ၊ ၁၉၆၃ ခုနှစ် သီးစားချထားရေး နည်းဥပဒေများ (၂) ခုကို ရုပ်သိမ်းခဲ့ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၂ ဖြင့် မြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး နည်းဥပဒေများလည်း ထုတ်ပြန်ခဲ့ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကလည်း သိမ်းဆည်းမြေများအပေါ် ပြန်လည်စွန့်လွှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခဲ့ပါတယ်။ ဒါပေမဲ့ ခုထိ လယ်ယာမြေနဲ့ပတ်သက်လို့ တာဝန်ရှိတဲ့အဖွဲ့အစည်းများရဲ့ ဆုံးဖြတ်ချက်တော်တော်များများက မှားယွင်းနေဆဲမို့ နစ်နာတဲ့ပြည်သူတွေက ပြည်ထောင်စုတရားလွှတ်တော်ချုပ်အထိ စာချွန်တော်အမှုတက်ရောက်နေရဆဲပါ။ ရှမ်းပြည်နယ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ အမိန့်အပေါ် တက်ရောက်လာတဲ့ စာချွန်တော်အမိန့်အမှုတစ်မှုအကြောင်း ရေးသားဖော်ပြလိုက်ရပါတယ်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားမအထွေထွေ လျှောက်ထားမှု ၁၂၀/၂၀၁၇**

အဲသည့်အမှုက လျှောက်ထားသူများက ဦးတက်တိုးနှင့် ဦးခင်မောင်ဝင်းဌေးတို့(၂)ဦးဖြစ်ပြီး လျှောက်ထားခံရသူတွေက ရှမ်းပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ညောင်ရွှေမြို့နယ်ဥက္ကဋ္ဌ၊ ရပ်ကွက်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ နန္ဒဝန်ရပ်ကွက်၊ ညောင်ရွှေမြို့ဥက္ကဋ္ဌ၊ အားကစားနှင့် ကာယပညာကော်မတီ ညောင်ရွှေမြို့တို့ ဖြစ်ပါတယ်။

**အမှုဖြစ်စဉ်**

တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ နန္ဒဝန်ရပ်ကွက်၊ ကွင်းအမှတ်(၃)ဦးပိုင် အမှတ်(၃)ဧရိယာ ၃·၆၄ ကေနှင့် ဦးပိုင်အမှတ်(၄)ဧရိယာ ၆·၇၅ ကေ ယာမြေများကို ဦးတက်တိုး၏ မိဘများနှင့် ဦးခင်မောင်ဝင်းဌေးတို့က ၁၉၇၄ ခုနှစ်က ခုတ်ထွင်ရှင်းလင်းစိုက်ပျိုးခဲ့ကြောင်း၊ ၁၉၉၂ ခုနှစ်တွင် ညောင်ရွှေမြို့နယ်၊ အားကစားနှင့် ကာယပညာကော်မတီက ၎င်းတို့ပိုင်ယာမြေဖြစ်၍ အလျှုငွေထည့်ဝင်ပေးရမည်ဟု တောင်းဆိုထားသောကြောင့် ၂၀၀၂ ခုနှစ်ထိ နှစ်စဉ်ငွေကျပ် ၂၇၉၄၆ ကိုသော်လည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် ငွေကျပ် ၅ သောင်းအထိ လည်းကောင်း ပေးလှူခဲ့ကြောင်း၊ ၂၀၀၆ ခုနှစ်တွင် အလှူငွေအစား ကြံခွံမြေငှားရမ်းခဟု ဖော်ပြပြီး ငွေကျပ် ၁၅၀၀၀၀ တောင်းခံ၍ ပေးသွင်းရသည့်အပြင် ၁၃-၆-၂၀၀၉၊ ၁-၇-၂၀၁၀၊ ၃-၁၀-၂၀၁၂ ရက်နေ့များတွင် မြေငှားစာချုပ်ဟု ဖော်ပြ၍ လက်မှတ်ရေးထိုးစေခဲ့ကြောင်း၊ ၂၀၀၉-၂၀၁၀ ခုနှစ်များတွင် အလှူငွေကျပ် ၃ သိန်းတိုးမြှင့်ကောက်ခံ၍ ပေးသွင်းခဲ့ရကြောင်း၊ မိမိတို့ခုတ်ထွင်ရှင်းလင်းစိုက်ပျိုးသော မြေဖြစ်ပါလျက် မတရားသဖြင့် ငွေများ တောင်းခံသောကြောင့် ၂၀၁၁ ခုနှစ်မှစ၍ ပေးသွင်းခြင်းမပြုတော့ကြောင်း၊ ၂၉-၃-၂၀၁၃ ရက်နေ့တွင် ယင်းမြေကွက်များနှင့်ပတ်သက်၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)များ ရရှိခဲ့ကြောင်း၊ လျှောက်ထားခံရသူအမှတ်(၄)မြို့နယ်အားကစားနှင့် ကာယပညာကော်မတီက အချင်းဖြစ်မြေများသည် ၎င်းတို့ပိုင်မြေဖြစ်သည်ဟု

> ဦးခင်ဇော်
> (တရားလွှတ်တော်ရှေ့နေ-ပဲခူး)
> အငြိမ်းစားဥပဒေအရာရှိ အဆင့်-၂

တင်ပြ၍ နန္ဒဝန်ရပ်ကွက် လယ်မြေစီမံခန့်ခွဲမှုအဖွဲ့က စစ်ဆေးခဲ့ရာ အဖွဲ့ဝင်(၆)ဦးအနက် ဦးနေမျိုးသူ၊ ဦးထွန်းဆောင်၊ ဦးစောထွန်းတို့က လျှောက်ထားသူများကို အနိုင်ပေးပြီး ဦးမောင်ခိုင်၊ ဒေါ်သိန်းစန်းတို့က လျှောက်ထားခံရသူအမှတ်(၄)ကို အနိုင်ပေး၍ အဖွဲ့ဝင်ဦးထွန်းထွန်းလွင်က ဆုံးဖြတ်မှုမပေးဘဲ ကြားနေခဲ့ကြောင်း။ ယင်းဆုံးဖြတ်ချက်ကို ပြင်ဆင်ပယ်ဖျက်ခြင်းမရှိဘဲ ဦးနေမျိုးသူ၊ ဦးစောထွန်းတို့၏ လက်မှတ်ရေးထိုးထားခြင်းမရှိသည့် ဆုံးဖြတ်ချက်ချမှတ်သဖြင့် လျှောက်ထားသူတို့က အဆင့်ဆင့်အယူခံခဲ့ကြောင်း။ ညောင်ရွှေမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အယူခံရာတွင် ရပ်ကွက်အမိန့်ကို အတည်ပြုခဲ့ကြောင်း၊ တောင်ကြီးခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အယူခံရာတွင် ဦးပိုင်အမှတ်(၃) ၃·၆၄ ကေကို လျှောက်ထားသူအမှတ်(၂)သို့ လည်းကောင်း၊ ဦးပိုင်အမှတ်(၄) ၆·၇၅ ကေကို လျှောက်ထားသူအမှတ် (၁)သို့လည်းကောင်း ဆက်လက်လုပ်ကိုင်ခွင့်ပြုကြောင်းကို ၂၉-၂-၂၀၁၆ ရက်နေ့က ချမှတ်ခဲ့ကြောင်း၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အယူခံထားခြင်း ရှိ/မရှိ စုံစမ်းရာ အယူခံဝင်ထားခြင်းမရှိဟု သိရပြီး၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လတွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပြန်လည်အပ်နှံရန် တောင်းခံသဖြင့် မေးမြန်းသည့်အခါမှ ရှမ်းပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ဦးပိုင်အမှတ်(၃) ၃·၆၄ ကေ၏ တောင်ဘက်ခြမ်းကို လျှောက်ထားသူအမှတ်(၁)သို့ လည်းကောင်း၊ မြောက်ဘက်ခြမ်းကို လျှောက်ထားသူအမှတ်(၂)သို့လည်းကောင်း၊ ဦးပိုင်အမှတ်(၄) ၆·၇၅ ကေကို မြို့နယ်အားကစားနှင့် ကာယပညာကော်မတီအားလည်းကောင်း၊ ဆက်လက်လုပ်ကိုင်ခွင့်ပြုသည်ဟု ဆုံးဖြတ်ခဲ့သည်ဟု သိရှိရကြောင်း၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လျှောက်ထားသူတို့အား ရှင်းလင်းထုချေခွင့်မပြုဘဲ မျက်ကွယ်တွင်ဆုံးဖြတ်ခြင်း၊ ခရိုင်၏ ၂၉-၂-၂၀၁၆ ရက်စွဲပါ ဆုံးဖြတ်ချက်ကို ၆ လကျော်တိုင်အယူခံတင်သွင်းခြင်းမရှိဘဲ ၆ လကျော်မှ အယူခံလက်ခံခွင့်ပြုခြင်း၊ စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသော မြို့နယ်အားကစားနှင့် ကာယပညာကော်မတီအား ဆက်လက်လုပ်ကိုင်ခွင့်ပြုသည်ဟု ဆုံးဖြတ်ခြင်းမှာ ဥပဒေအရမှားယွင်း၍ ပယ်ဖျက်ပေးပါရန် ဦးတက်တိုး၊ ဦးခင်မောင်ဝင်းဌေးတို့က အမှုခေါ်စာချွန်တော်အမိန့် လျှောက်ထားလာတဲ့ အမှုဖြစ်ပါတယ်။

**လျှောက်ထားသူဘက်က တင်ပြချက်**

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၁၅-၉-၂၀၁၆ ရက်စွဲပါ စာအမှတ် ၁၂/လယ-၅(၀၁၂/၂၀၁၆)အပိုဒ် ၇(၄)တွင် အငြင်းပွားမှုကြားနာစစ်ဆေးရာတွင် ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွင် ဖွဲ့စည်းထားသည့် အဖွဲ့ဝင် ၅ ဦးစလုံး စုံညီစွာကြားနာစစ်ဆေးဆောင်ရွက်ရမည်ဟု အတိအလင်းညွှန်ကြားထားပါလျက် နန္ဒဝန်ရပ်ကွက် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း။ ၂၁-၆-၂၀၁၇ ရက်နေ့တွင် ကျင်းပသော ရှမ်းပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ် ၃/၂၀၁၇ ဆုံးဖြတ်ချက်တွင် အမှုသွားအမှုလာနှင့် အကြောင်းခြင်းရာများကို သေချာဂနစွာ ဖတ်ရှုလေ့လာစိစစ်ပြီး ဆုံးဖြတ်ကြောင်းဖော်ပြသဖြင့် အငြင်းပွားသူများကို ခေါ်ယူစစ်ဆေးလျှောက်လဲခွင့်ပေးရန်နှင့် ကြားနာပြီးမှ အယူခံမှုကို ဆုံးဖြတ်ရန် ညွှန်ကြားသည့် အပိုဒ်၆(ည)နှင့် ညီညွတ်ခြင်းမရှိ၍ စာချွန်တော်လျှောက်ထားမှုကို ခွင့်ပြုပြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၏ ဆုံးဖြတ်ချက်များကို ပြန်လည်ပယ်ဖျက်ပေးရန်ဖြစ်ကြောင်း လျှောက်ထားခဲ့ပါတယ်။

**ပြည်ထောင်စု ရှေ့နေချုပ်ရုံးတင်ပြချက်**

ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးက အချင်းဖြစ်ယာမြေများကို ညောင်ရွှေမြို့နယ် အားကစားနှင့် ကာယပညာကော်မတီက မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်နိုင်စေရန် ရည်ရွယ်၍ ၁၉၇၄ ခုနှစ်တွင် စတင်ဖော်ထုတ်ပြီး အားကစားရန်ပုံငွေရရှိရေးအတွက် ရပ်ကွက်ကောင်စီဥက္ကဋ္ဌ၊ ဦးချစ်နှင့် ဦးချစ်ထွန်းတို့အား ရန်ပုံငွေပေးသွင်းစေပြီး ကြံစိုက်ပျိုးလုပ်ကိုင်စေခဲ့ကြောင်း၊ ဦးချစ်သည် မြေးဖြစ်သူ ဦးဝင်းဦးထံ လွှဲပြောင်းလုပ်ကိုင်စေသဖြင့် ၁၃-၃-၁၉၉၂ နေ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ဦးချစ်ထွန်းနှင့် ဦးဝင်းဦးတို့ကို ၁၉၉၂-၁၉၉၃ စိုက်ပျိုးရာသီမှစ၍ နှစ်စဉ် ၅၀၀၀ ကျပ်နှုန်းဖြင့် လုပ်ကိုင်စားသောက်ခွင့်ပြုရန် နှစ်ဦးသဘောတူ ကတိစာချုပ် မှတ်ပုံတင်ပြုလုပ်ခဲ့ကြောင်း။ ဦးချစ်ထွန်းက ဦးတက်တိုးထံသို့လည်းကောင်း၊ ဦးဝင်းဦးက ဦးခင်မောင်ဝင်းဌေးထံသို့လည်းကောင်း အဆင့်ဆင့်လွှဲပြောင်းလုပ်ကိုင်ရန် ၁၃-၆-၂၀၀၉ နှင့် ၁-၇-၂၀၁၀ ရက်နေ့ အစည်းအဝေးဆုံးဖြတ်ချက်များအရ ၁ နှစ်လျှင် ငွေကျပ် ၃ သိန်းပေးသွင်းလုပ်ကိုင်ရန် နှစ်ဦးသဘောတူကတိစာချုပ်ချုပ်ဆိုခွင့်ပြုခဲ့ကြောင်း။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ မှတ်ပုံတင်စာရင်း ၂ တွင် ဦးပိုင်အမှတ်(၃)ဧရိယာ ၃·၆၄ ကေ ယာမြေကို အားကစားနှင့် ကာယပညာကော်မတီ(ဦးခင်မောင်ဝင်းဌေးလုပ်)ဟုလည်းကောင်း၊ ဦးပိုင်အမှတ် (၄)ဧရိယာ ၆·၇၅၆ ကေ ယာမြေကို အားကစားနှင့် ကာယပညာကော်မတီ(ဦးတက်တိုးလုပ်)ဟုလည်းကောင်း မှတ်သားထား၍ အချင်းဖြစ်ယာမြေသည် ညောင်ရွှေမြို့နယ် အားကစားနှင့် ကာယပညာကော်မတီပိုင်ဖြစ်သည်ဟု သုံးသပ်ရရှိကြောင်း။ ညောင်ရွှေမြို့နယ် အားကစားနှင့် ကာယပညာကော်မတီအဖွဲ့ဝင် ဦးမောင်မောင်ရွှေနှင့် ဦးမြင့်စိုးတို့၏ တိုင်တန်းချက်အရ နန္ဒဝန်ရပ်ကွက်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် မူလမြေယာမှုခင်းဖွင့်လှစ်ပြီး မြို့နယ်အားကစားနှင့် ကာယပညာကော်မတီအား အနိုင်ပေးသည်ဟု ဆုံးဖြတ်ခဲ့ရာတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်(၂)ဦးက လက်မှတ်ရေးထိုးပြီး အတွင်းရေးမှူးနှင့်အဖွဲ့ဝင် (၁)ဦးက လက်မှတ်ရေးထိုးခြင်းမရှိဘဲ ကန့်ကွက်ထားသည်ကို တွေ့ရကြောင်း။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၁၇-၅-၂၀၁၃ ရက်စွဲပါစာအမှတ် ၁၂/လယ-၅/(၀၁၉/ ၂၀၁၃)အပိုဒ် ၁၀ တွင် လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်း ပွားသော မူလမှုခင်းများဖြေရှင်းဆောင်ရွက်ရန် ညွှန် ကြားချက်၌ ဆုံးဖြတ်ချက်အမိန့်တွင် အဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး အပါအဝင် အဖွဲ့ဝင်အားလုံးလက်မှတ်ရေး ထိုးရမည်ဟု အတိအလင်း ညွှန်ကြားထားသော်လည်း နန္ဒဝန်ရပ်ကွက် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်သည် အဆိုပါညွှန်ကြားချက်နှင့် ညီညွတ်ခြင်းမရှိ ကြောင်း။ အဆိုပါယာမြေများကို ၂၉-၃-၂၀၁၃ ရက်နေ့ တွင် ဦးခင်မောင်ဝင်းဌေးနှင့် ဦးတက်တိုးအမည်တို့ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ထုတ်ပေးထားသဖြင့် မူလမြေယာမှုခင်းဖွင့်လှစ်ဆောင်ရွက်ခြင်းသည် အဆိုပါညွှန်ကြားချက်အပိုဒ် ၄(ခ)နှင့် ညီညွတ်ကြောင်း။ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့သည် လုပ်ပိုင်ခွင့်အငြင်းပွားမှုတွင် နှစ်ဖက်အငြင်းပွားသူ ကာယကံရှင်ကိုယ်တိုင် တင်ပြလိုသည့် အချက်များကို လျှောက်လဲတင်ပြခွင့်ပြု၍ ကြားနာမှုပြုလုပ်ပြီးမှသာ အယူခံမှုကိုဆုံးဖြတ်ရမည်ဟု ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ၁၅-၉-၂၀၁၆ ရက်စွဲပါ စာအမှတ် ၁၂/လယ-၅(၀၀၂/၂၀၁၆)အပိုဒ် ၆(ဆ) တွင် ဖော်ပြပါရှိသော်လည်း ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၂၁-၆-၂၀၁၇ ရက်နေ့ ကျင်းပသော ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် ၃/၂၀၁၇ ဖြင့် ဆုံးဖြတ်ခဲ့ခြင်းဖြစ်၍ အဆိုပါညွှန်ကြားချက်နှင့် ညီညွတ်ခြင်းမရှိကြောင်း။ သို့ဖြစ်၍ လျှောက်ထားသူတို့၏ စာချွန်တော်အမိန့် လျှောက်ထားမှုအပေါ် ဥပဒေနှင့်အညီ သင့်မြတ်သည့် အမိန့်တစ်ရပ်ချမှတ်ပေးပါရန်ဖြစ်ကြောင်း တင်ပြခဲ့ပါတယ်။

>>> စာမျက်နှာ(၂၄)သို့

www.free4readers.com



# အာရ်တူးပီ၊ အိုင်စီစီ ပြီးတော့ လာပြန်ပြီ ယူဂျေ(UJ)နဲ့ အက်(စ)စီစီ(SCC )

ဇေယျမင်းမင်းဝင်း

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျယ်ရမီဟန့်ရဲ့ မြန်မာနိုင်ငံကိုလာရောက်တဲ့ခရီးစဉ်မှာ ၂၀-၉-၂၀၁၈ နေ့က နိုင်ငံတော် အတိုင်ပင်ခံနဲ့တွေ့ဆုံခဲ့ပြီးနောက် ရခိုင်ပြည်နယ်သို့ သွားရောက်ခဲ့ပါတယ်။ တောင်ပြိုလက်ဝဲရှိ ဒေသခံအချို့နဲ့တွေ့ဆုံခဲ့ပြီး အခြေအနေတွေကိုမေးမြန်းဆွေးနွေးခဲ့တယ်လို့လည်း သိရပါတယ်။တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကတော့ လက်ခံတွေ့ဆုံခြင်းမရှိဘဲ ငြင်းပယ်ခဲ့တယ်ဗျ။ အမှန်ကတော့ ဝန်ကြီးဟန့်ဟာ ပြယုဂ်အနေနဲ့ ရခိုင်ကို ကိုယ်တိုင်သွားကြည့်ခဲ့တယ်ဆိုတာကို ပြချင်လို့သာ သွားခဲ့တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီလောက်ခဏလေးသွားရုံနဲ့ အဲဒီဒေသမှာ တကယ်ဖြစ်ပျက်နေတဲ့ အဖြစ်မှန်တွေကိုတစ်ထိုင်တည်းနဲ့ မသိနိုင်ဘူးဆိုတာ သူမသိလို့မဟုတ်ပါဘူး။ မြန်မာ့အရေးကိုဖြေရှင်းပေးချင်လို့လည်းမဟုတ် ဒုက္ခရောက်နေတဲ့ ဘင်္ဂါလီတွေကိုသနားလို့ ကယ်တင်ချင်လို့လည်းမဟုတ်ဘူး။ သူ့နိုင်ငံရေး(career)အောင်မြင်ဖို့ လှုပ်ရှားကြိုးပမ်းမှုတစ်ရပ်အနေနဲ့ လုပ်ငန်းပြဖို့သွားကြည့်ခြင်းသာဖြစ်ပါတယ်ဗျာ၊ မြန်မာနိုင်ငံကိုလာတဲ့ ခရီးစဉ်ဟာလည်း ဒီရည်မှန်းချက်ရဲ့ တစ်စိတ်တစ်ပိုင်းပါ၊ မလာခင်ကတည်းက ဘာအဖြေထုတ်လို့ ဘာပြောမယ်ဆိုတာကြိုတင်စီစဉ်ထားပြီးသားလို့ ကျွန်တော်သုံးသပ်ပါတယ်။

သူလာပြီးမှ ဘာထူးလဲဆိုတော့ အရင်ခြိမ်းခြောက်မှုတွေဖြစ်တဲ့ အာရ်တူးပီ(responsibility to protect)ဆိုတဲ့နိုင်ငံတစ်ခုအတွင်း အကာအကွယ်မယ့်နေသူလူမျိုးစုကို ကုလသမဂ္ဂကဝင်ရောက်ကာကွယ်ပေးခွင့်ဆိုတဲ့ "လုန့်လုံး"နဲ့အိုင်စီစီခေါ်နိုင်ငံတကာ ရာဇဝတ်တရားရုံး (International Criminal Court) နဲ့ အရေးယူမယ်ဆိုတဲ့ "ခြောက်လုံး"နှစ်ခုတင်မကတော့ဘဲ ခြောက်လှန့်မှုခေါင်းစဉ်သစ်ဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာ (ဒေသမရွေး)စီရင်ခွင့် (universal jurisdiction)နဲ့ အရေးယူမယ်ဆိုတာရယ်၊ အထူးရာဇဝတ်ခုံရုံး (Special Criminal Court)ဖွဲ့ပြီး အရေးယူမယ်ဆိုတာရယ် ထူးထူးခြားခြားထပ်ဆောင်းပြီး ထည့်သွင်းခြိမ်းခြောက်တာတွေပေါ်လာလို့ လူမှုကွန်ရက်တွေမှာ အမျိုးမျိုးဝေဖန်နေကြတာတွေ့ရတဲ့အပြင် စိုးရိမ်သူလည်းရှိ ဝမ်းသာပျော်မြူးပြီး ကျေနပ်နေသူတွေလည်းရှိတာတွေ့ရတယ်ဗျ။

ကိုယ့်စိတ်ကူးနဲ့ကိုယ်စိုးရိမ်ကြပျော်ကြတာ ကျွန်တော်ဘာမှမဝေဖန်လိုပါဘူး။ ဒါပေမဲ့အရင် အာရ်တူးပီတို့ အိုင်စီစီတို့လိုပဲ ကိုယ်နှစ်သက်သလိုခံစားပါ။ သို့သော် အခြေအနေမှန်ကိုတော့သိထားသင့်လို့ အခုခြိမ်းခြောက်မှုအသစ်ဖြစ်လာတဲ့ ယူဂျေ(UJ - universal jurisdiction)ဆိုတာဘာလဲ၊ အထူးရာဇဝတ်တရားရုံး (special criminal court)ဆိုတာဘာလဲ လက်ရှိကာလအထိ နိုင်ငံတကာမှာဘယ်လိုသဘောထားလဲ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေအရဘယ်လိုပြဌာန်းလဲ၊ ဘယ်လိုလက်တွေ့ဆောင်ရွက်လဲဆိုတာကိုတော့ ဥပဒေအရခြေခြေမြစ်မြစ်သိအောင် မှုခင်းပရိသတ်များကို ရှင်းပြလိုပါတယ်။ လူမှုကွန်ရက်တွေမှာ ဖော်ပြနေကြတဲ့ တချို့ရေးသားတာတွေက အထင်နဲ့မှန်းရေးတာတွေလည်းရှိသလို ကိုယ်ဖြစ်စေချင်တဲ့ဘက်ကို သာသာထိုးထိုးတွန်းပို့ရေးသားတာတွေတွေ့နေရလို့ပါ။

**ဗြိတိန်ဝန်ကြီးရဲ့အပြော**

ဗြိတိန်ဝန်ကြီးက မြန်မာခရီးစဉ်အပြီးမှာ ကမ္ဘာ့အသိုင်းအဝိုင်းက မတရားဖိနှိပ်ခံရတဲ့လူနည်းစုတရားမျှတမှုမရမချင်း အလျှော့ပေးမှာမဟုတ်ဘူး။ ပြစ်မှုကျူးလွန်သူတွေအတွက် ပြေးစရာပုန်းစရာမရှိဘူး။ ဒီကိစ္စကို အိုင်စီစီတရားရုံးကိုလွှဲအပ်ဖို့ ထောက်ခံသွားမယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ အတည်ပြုချက်မရရင် အခြားနည်းလမ်းတွေနဲ့ ကြိုးစားမယ်။ ယူဂျေလို့ခေါ်တဲ့ အပြည်ပြည်ဆိုင်ရာ (ဒေသမရွေး)စီရင်ခွင့်အရ စွဲဆိုဖို့ကြိုးစားမယ်၊ ဒါမှမဟုတ်အထူးရာဇဝတ်ခုံရုံး (special criminal court)ဖွင့်ပြီး အရေးယူသွားဖို့ကြိုးစားမယ်လို့ ပြောပါတယ်။

**ယူဂျေ (universal jurisdiction)**

ယူဂျေဆိုတာက အပြည်ပြည်ဆိုင်ရာဥပဒေမှာ စစ်ရာဇဝတ်မှု(War Crime) မျိုးတုံးသတ်ဖြတ်မှု (Genocide)လူသားမျိုးနွယ်တစ်ရပ်လုံးကိုဆန့်ကျင်ထိခိုက်သောပြစ်မှု (Crime Against Humanity) နဲ့ နှိပ်စက်ညှဉ်းပန်းမှု (Torture)ဆိုတဲ့ပြစ်မှုတွေကျူးလွန်ခဲ့ရင် ဘယ်အရပ်မှာကျူးလွန်ခဲ့သည်ဖြစ်စေ နိုင်ငံတစ်ခုခုရဲ့ တရားရုံးမှာ တရားစွဲဆိုခွင့်အပြစ်ပေးခွင့်ရှိသည်ဆိုတဲ့ ဂျိနီဗာကွန်ဗင်းရှင်းမှာ သဘောတူလက်မှတ်ရေးထိုးထားကြတဲ့လုပ်ပိုင်ခွင့်ပါ။ ဒါက ယေဘုယျသဘောပြောတာဖြစ်ပြီး တကယ်အရေးယူမယ်ဆိုရင်တော့ နိုင်ငံတကာဥပဒေအသိုင်းအဝိုင်းမှာ ဝိဝါဒကွဲပြားတာတွေလည်းရှိပါတယ်။ အရေးယူဆောင်ရွက်မည့်နိုင်ငံရဲ့ ဥပဒေက အထက်မှာပါတဲ့ အပြည်ပြည်ဆိုင်ရာဥပဒေပါ ပြစ်မှု(၄)မျိုးကိုဘယ်လို ဖွင့်ဆိုအပြစ်ဒဏ်ဘယ်လိုသတ် မှတ်လဲဆိုတာတွေအပါအဝင် သတ်မှတ်အချက်အလက်တွေညီညွတ်ရမှာပါ။ ဒါတွေကအသေးစိတ်သိပ်ကျလို့ အကျိုးမထူးတဲ့အတွက် မပြောတော့ပါဘူး။

အကြမ်းဖျဉ်းသိသင့်တာက ဘယ်နိုင်ငံကနိုင်ငံသားမဆို ဒေသတစ်ခုခုမှာ အပေါ်ကပြထားတဲ့ပြစ်မှု(၄)မျိုးကျူးလွန်ခဲ့ရင် ဥပဒေနဲ့အညီလက်ခံစွဲဆိုပေးမည့်အဖွဲ့နဲ့ တရားရုံးရှိရင်အဲသည်အမှုတွေနဲ့ တရားစွဲလို့ရပါတယ်၊ ကျူးလွန်သူဟာ နိုင်ငံခေါင်းဆောင်ဖြစ်လို့ သူ့ရဲ့မိခင်တိုင်းပြည်က မစွဲဆိုနိုင်လို့မစွဲဆိုချင်လို့တရားမစွဲပေမဲ့ နစ်နာသူက အခြားလက်ခံမည့်နေရာမှာစွဲဆိုနိုင်တယ်။ သက်သေအထောက်အထားတော့ ပြရမှာပေါ့ဗျာ၊ ဆိုပါတော့ အဲသည်နိုင်ငံက တရားရုံးကအပြစ်ပေးရင် ကျူးလွန်တဲ့သူရှိတဲ့နိုင်ငံထဲကို တရားစွဲပေးတဲ့နိုင်ငံကရဲတွေ စစ်တပ်တွေက အတင်းဝင်ဖမ်းလားဆိုတော့ မဖမ်းပါဘူး။ နိုင်ငံကြီးကြီးသေးသေး သူ့ရဲ့အချုပ်အခြာအာဏာကိုလေးစားရမယ်၊ ထိပါးခွင့်မရှိဘူး။ ဒါဟာလည်း အပြည်ပြည်ဆိုင်ရာ ဥပဒေဗီယင်နာကွန်ဗင်းရှင်းမှာ နိုင်ငံအားလုံးသဘောတူထားတဲ့အချက်မို့ လိုက်နာရပါတယ်။

ဒါဆိုဘာမှမထူးဘဲ ဘာလို့ အလုပ်ရှုပ်ခံပြီး တရားစွဲနေမှာလဲ သူ့ကိုလည်း ဘာမှလုပ်လို့ရတာမဟုတ်ဘဲလို့ ထင်စရာပေါ့ဗျာ။ ဒါပေမဲ့ဂုဏ်သိက္ခာနဲ့နိုင်ငံတကာ အသိုင်းအဝိုင်းနဲ့ဆက်ဆံရေးမှာ နစ်နာပါတယ်။ မှုရင်းတရားစွဲဆိုထားတဲ့ ရုံးကဖမ်းဝရမ်းလုမ်းပို့ထားရင် နိုင်ငံခြားကို အစည်းအဝေးသွားတက်ဖို့ ဆေးကုသွားဖို့ ခက်ပြီပေါ့ဗျာ၊ ကိုယ့်ကိုအာမခံပြီး လက်ခံမည့်နိုင်ငံမဟုတ်ရင် ဘယ်နိုင်ငံမှ ရဲရဲမသွားရဲတဲ့ဘဝ ရောက်မှာပေါ့၊ စွဲဆိုခံရတဲ့သူတွေကလည်း သာမန်လူတွေမဟုတ်ဘူး သူ့နေရာနဲ့သူ သူ့နယ်ပယ်နဲ့ သူထင်ရှားတဲ့ခေါင်းဆောင်ပိုင်းတွေဆိုတော့ ရာဇဝတ်ကောင်အနေနဲ့နိုင်ငံတကာ အလယ်မှာသတ်မှတ်ခံရတာကိုက အလွန်မနှစ်မြို့ဖွယ်အဖြစ်ပါ၊ ဒီ UJဆိုတဲ့ ဥပဒေပြဌာန်းချက်ကို လက်တွေ့ကျင့်သုံးရာက စီရင်ထုံးသဖွယ်ဖြစ်လာစေတဲ့ချီလီအာဏာရှင် ဗိုလ်ချုပ်ကြီးဩဂတ်စတိုပီနိုရှေးကိုစွဲဆိုခဲ့တဲ့အမှုအကြောင်းတင်ပြပါ့မယ်။

**ပင်နိုရှေးအမှု**

ချီလီနိုင်ငံဆိုတာ တောင်အမေရိကတိုက်ရဲ့ အနောက်ဘက်ကမ်းတောင်ဘက်မှာ ရှိပါတယ်။ ၁၁-၉-၁၉၇၃ နေ့မှာ ချီလီ နိုင်ငံကိုအုပ်ချုပ်နေတဲ့ ဆိုရှယ်လစ်ဝါဒီသမ္မတဆာလာဗာဒိုအယ်လင်ဒေး (Salavador Allende)ကို စစ်တပ်အကြီးအကဲ ဗိုလ်ချုပ်ကြီး ဩဂတ်စတိုပီနိုဆေးရာမွန်ပင်နိုရှေးအူဂါးတေး (Augusto Jose Ramon Pinochet Ugerte)က ဖြုတ်ချပြီး အာဏာသိမ်းလိုက်ပါတယ်။ အာဏာသိမ်းပွဲမှာ စစ်တပ်အင်အားသုံးပြီး တိုက်ခိုက်တာဖြစ်လို့ခုခံတဲ့ သမ္မတရဲ့လူတွေနဲ့ တိုက်ပွဲတွေဖြစ်ပြီး သမ္မတအယ်လင်ဒေးနဲ့လူတော်တော်များများ သေဆုံးသွားပါတယ်။ အာဏာသိမ်းတဲ့စစ်ဆင်ရေးကိုကွန်ဒို (Operation Condor)လို့ အမည်ပေးထားပါတယ်၊ ရာပေါင်းများစွာသော စစ်တပ်အတိုက်အခံတွေဟာ ဖမ်းဆီးနှိပ်စက်ခံရတဲ့အပြင် ထောင်သွင်း အကျဉ်းချတာတွေ၊ ကွပ်မျက်တာတွေ ခံရပါတယ်။ မရဏလှည်းကြီး (Caravan of Death)လို့ အမည်ရတဲ့ ပင်နိုရှေးရဲ့လက်ရွေးစင် အာဏာပါးကွက်သားအဖွဲ့ဟာ ရဟတ်ယာဉ်တစ်စီးနဲ့ ချီလီ တောင်ပိုင်းနဲ့မြောက်ပိုင်းကို အသွားအပြန်ကူး လူးပြီးအကျဉ်းထောင်တွေမှာ ဖမ်းဆီးထားတဲ့ ဆန့်ကျင်ဘက်လူတွေကို ကွပ်မျက်ပစ်တာ အန်ဂျီအိုတွေရဲ့အဆို အရ (၉၁) ဦးရှိတယ်လို့သိရပါတယ်။

ပင်နိုရှေးဟာ အာဏာသိမ်းပြီးနောက်ပိုင်းမှာ စစ်အစိုးရကိုခေါင်းဆောင်ပြီး ၁၉၉၀ ခုနှစ်အထိ အာဏာရှင်အဖြစ် အုပ်ချုပ်ခဲ့ပါတယ်။ ကြားထဲမှာ တရားဝင်သမ္မတအဖြစ်လည်း ဝင်လုပ်လိုက်ပါသေးတယ်၊ နောက်အာဏာကိုလက်မလွှတ်ဘဲ ၁၉၉၈ ခုနှစ်အထိ တပ်မတော်အကြီးအကဲအဖြစ် အသက်(၈၀)ကျော်အထိ အာဏာကိုဆုပ်ကိုင်ခဲ့ပါသေးတယ်။ သူ့အုပ်ချုပ်စဉ်ကာလအတွင်း နိုင်ငံရေးလမ်းစဉ်မတူလို့ သတ်ဖြတ်ခံရတဲ့နိုင်ငံရေးသမား နှစ်ထောင်ကျော်ရှိတဲ့အပြင် ထောင်ချခံရတဲ့သူ၊ နိုင်ငံခြားကို ထွက်ပြေးခိုလှုံရတဲ့သူတွေ အများအပြားရှိခဲ့ပါတယ်။ သူဟာ ရာထူးအာဏာကိုသုံးပြီး နိုင်ငံ့ဘဏ္ဍာတွေအလွဲသုံးစားပြုတယ်၊ လက်နက်မှောင်ခိုလုပ်တယ်၊ မတရားချမ်းသာလာအောင် ကိုယ်ကျိုးရှာခဲ့တယ်လို့ စွပ်စွဲမှုတွေရှိတဲ့အပြင် လူသုံးသောင်းကျော်ကို နှိပ်စက်ညှဉ်းပန်းမှုတွေ လုပ်ခဲ့တယ်လို့ အမည်ဆိုးနဲ့ကျော်ကြားပါတယ်။ ဒီအမှုတွေအတွက် နစ်နာသူတွေက စပိန်တရားရုံးမှာ စပြီးအမှုစွဲဆိုခဲ့ပါတယ်။ နောက် စပိန်တရားသူကြီးကိုယ်တိုင် ချီလီမှာ တရားသွားစွဲခဲ့ပါတယ်။

၁၉၉၈ ခုနှစ် အောက်တိုဘာ(၁၀)ရက်နေ့မှာ စပိန်တရားသူကြီး ဘော်တာဂါဇွန် (Baltasa Gazon) က ပင်နိုရှေးကို ချီလီတရားရုံးမှာတရားစွဲဆိုခဲ့ပြီး နောက် (၆)ရက်အကြာမှာ အင်္ဂလန်ကိုရောက်ရှိနေတဲ့ ပင်နိုရှေးကို စပိန်အစိုးရရဲ့တောင်းဆိုချက်အရ ဗြိတိန်အစိုးရက ဖမ်းဆီးခဲ့ပါတယ်။ တစ်နှစ်ခွဲလောက် ထိန်းသိမ်းထားပြီး ၂၀၀၀ ခုနှစ်မှာ ချီလီကိုလွတ်လွတ်လပ်လပ်ပြန်ခွင့်ပြုလိုက်ပါတယ်။ ချီလီရောက်ပြီးနောက် အခြားတရားသူကြီးတွေကလည်း အမှုတွေနဲ့ထပ်စွဲကြတာ မသေခင်အမှုပေါင်းစုံ(၃၀၀)လောက်ရှိပြီး မရဏလှည်းကြီးအမှုအပါအဝင် လူသတ်မှုတွေအခွန်ရှောင်မှုတွေ၊ နိုင်ငံကူးလက်မှတ်အတုလုပ်မှုတွေပါတယ်လို့ သိရပါတယ်။ ပထမတော့ ပင်နိုရှေးရဲ့ တရားခံရှေ့နေကပင်နိုရှေးအာဏာရှိစဉ် "၁၉၇၈ ခုနှစ်ကပြဋ္ဌာန်းခဲ့တဲ့နိုင်ငံခေါင်းဆောင်အပေါ်အရေးယူခြင်းမှကင်းလွတ်ခွင့်ဥပဒေအရ" အပြစ်မရှိဘူးလို့ ခုခံလျှောက်လဲပေမဲ့ သက်သာခွင့်မရလို့ပင်နိုရှေးရဲ့ ကျန်းမာရေးကိုအကြောင်းပြပြီး သက်သာခွင့်လျှောက်လဲတယ်လို့ ဆိုပါတယ်။ ဇရာထောင်းနေတဲ့ ပင်နိုရှေးဟာ အကျယ်ချုပ်ကျလိုက် ကျန်းမာရေးမကောင်းလို့ ပြန်လွှတ်လိုက်နဲ့ အမှုတွေကလည်း တစ်ခုမှမပြီး၊ အပြစ်လည်းမချနိုင်သေးဘဲ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ (၁၀) ရက်၊ အသက်(၉၁)နှစ်အရွယ်မှာ အမှုတန်းလန်းနဲ့ပဲကွယ်လွန်သွားပါတယ်။

ပင်နိုရှေးအမှုဟာ အပြည်ပြည်ဆိုင်ရာဥပဒေရဲ့ ယူဂျေဆိုတဲ့ဒေသမရွေးစီရင်ပိုင်ခွင့်နဲ့ပတ်သက်လို့ ပထမဦးဆုံးကျင့်သုံးတဲ့အမှု၊ အပြည်ပြည်ဆိုင်ရာဥပဒေရဲ့ ဩဇာနဲ့နိုင်ငံတကာမှာရှိတဲ့ တရားသူကြီးများရဲ့လုပ်ပိုင်ခွင့်ကို ဖော်ဆောင်ပြနိုင်တဲ့စံနမူနာအမှုဖြစ်တဲ့အပြင် နိုင်ငံတစ်ခုရဲ့ခေါင်းဆောင်ပင်ဖြစ်လင့်ကစား သတ်မှတ်တဲ့ ရာဇဝတ်မှုကျူးလွန်ရင် အပြည်ပြည်ဆိုင်ရာဥပဒေအရအရေးယူပိုင်ခွင့်ရှိတယ်၊ ပြည်တွင်းဥပဒေမှာ ကင်းလွတ်ခွင့်ရအောင်ရေးထားစေကာမူသက်သာခွင့်မရဘူးဆိုတာ နမူနာပြနိုင်တဲ့အမှုလို့ အမှတ်အသားပြုကြပါတယ်၊ ပင်နိုရှေးအမှုရဲ့နောက်ပိုင်းမှာ ယူဂျေ စီရင်ပိုင်ခွင့်ကိုသုံးပြီးစီရင်ခဲ့တဲ့ အမှုတွေရှိပါသေးတယ်၊ အမေရိကန်တရားရုံးမှာ လိုင်ဘီရီးယားသမ္မတဟောင်းရဲ့သား ချပ်ကီတေလာကိုစွဲတဲ့အမှု ဂွါတီမာလာ အာဏာပိုင်တွေကို စပိန်ကမျိုးတုံးသတ်ဖြတ်မှုနဲ့စွဲတဲ့အမှု၊ စပိန်တရားရုံးက အယ်လ်ဆာဗေးဒိုး အာဏာပိုင်တွေကို ဘုန်းတော်ကြီး(၆)ပါးသတ်တဲ့စွပ်စွဲချက်နဲ့စွဲတဲ့အမှု၊ စပိန်ကပဲ အာဂျင်တီးနားရေတပ်အရာရှိ တစ်ဦးကိုလူသားမျိုးနွယ်တစ်ရပ်လုံးထိခိုက်စေမှုနဲ့စွဲဆိုတဲ့အမှုတွေရှိခဲ့ပါတယ်။

**အထူးရာဇဝတ်တရားရုံး (Special Criminal Court)**

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဟန့်ပြောသွားတဲ့ထဲမှာ အထူးရာဇဝတ်တရားရုံးနဲ့ဖြစ်ဖြစ် အရေးယူဖို့ကြိုးစားမယ်ဆိုတာ ပါတယ်ဗျ၊ သူပြောတဲ့ အက်စီစီ (SCC-SpecialCriminalCourt)ဆိုတာကို အပြည်ပြည်ဆိုင်ရာဥပဒေမှာရှာကြည့်ရင် အိုင်ယာလန်နိုင်ငံမှာ အကြမ်းဖက်မှုတွေ ဖောက်ခွဲမှုတွေနိုင်ငံတော်မငြိမ်မသက်ဖြစ်အောင် ဆောင်ရွက်မှုအပါအဝင်အချို့သော သတ်မှတ်အမျိုးအစား ရာဇဝတ်မှုတွေအတွက်ပုံမှန်တရားရုံးနဲ့ စစ်ဆေးဖို့မလုံလောက်လို့အထူးတလည်စစ်ဆေးစီရင်ဖို့ဖွဲ့စည်းထားတဲ့ အထူးရာဇဝတ်တရားရုံးနဲ့ အလယ်အာဖရိကနိုင်ငံ (Central Africa Republic)မှာ ဖွဲ့စည်းထားတဲ့ အထူးရာဇဝတ်တရားရုံးပြီးရင် ဆော်ဒီအာရေဘီးယားနိုင်ငံမှာ ဖွဲ့စည်းခဲ့တဲ့အထူးရာဇဝတ်တရားရုံးကိုပဲ တွေ့ရမှာဖြစ်ပါတယ်။ ဒီတရားရုံးတွေဟာ သူ့ဆိုင်ရာနိုင်ငံကဥပဒေတွေအရ ဖွဲ့စည်းတာဖြစ်တဲ့အပြင် လက်ရှိအစိုးရတွေ ကိုယ်တိုင်ကလိုလိုချင်ချင် UN နဲ့ ညှိနှိုင်းပူးပေါင်းပြီး ဥပဒေတွေပြင်ဆင်တရားရုံးတွေ တရားသူကြီးတွေ သီးသန့်ဖွဲ့စည်းပေးပြီးလုပ်တဲ့ကိစ္စပါ၊ အလယ်အာဖရိကမှာဆိုရင်လည်း ပြည်တွင်းစစ်ကာလက အာဏာရှင်စစ်အုပ်စုခေါင်းဆောင်တွေကို လက်ရှိအစိုးရက လိုလိုလားလားအရေးယူချင်လို့လက်ခံတဲ့ကိစ္စတွေပါ။ နိုင်ငံတကာဥပဒေပညာရှင်အချို့ကတော့ တရားရုံးမကျ ခုံရုံးမကျမို့ "**ကပြားတရားရုံး**"တွေလို့ ခေါ်ဆိုပါတယ်၊ မြန်မာကိစ္စမှာအစိုးရကစွပ်စွဲချက်အားလုံးကို ငြင်းပယ်ထားပြီး UN ရဲ့ စွက်ဖက်မှုကိုလက်မခံလို့ ဒီတရားရုံးမျိုးမြန်မာနိုင်ငံမှာ ပေါ်ပေါက်လာစရာမရှိပါဘူး။

ကျွန်တော့်အထင်ကတော့ ဗြိတိသျှဝန်ကြီး ဟန့်ဟာ "မြန်မာကိုအရေးယူဖို့ အိုင်စီစီကိုလွှဲတာထောက်ခံမယ်၊ မရရင်···"လို့ ပြောတာက မဖြစ်နိုင်မှန်းသိနေလို့လေခပ်လျော့လျော့ပြောတာပါ။ UN လုံခြုံရေးကောင်စီတင်ရင် တရုတ်နဲ့ရုရှားက ပယ်ချမယ်ဆိုတာ သူသိနေတာပဲလေ၊ ယူဂျေနဲ့စွဲရင်စွဲ အက်စီစီဖွဲ့ရင်ဖွဲ့မယ် ပြောတာ အပြည်ပြည်ဆိုင်ရာဥပဒေကိုသူမသေချာလို့ ရမ်းဆပြောသွားတာပါ၊ အက်စီစီဖွဲ့ဖို့ မလွယ်ပါဘူး။ သူဆိုလိုချင်တာက ၁၉၉၃ ခုနှစ်က ယူဂိုဆလပ်နိုင်ငံဟောင်းစစ်ပွဲအပြီး မျိုးတုံးသတ်ဖြတ်မှုတွေ စစ်ရာဇဝတ်မှုတွေကို အရေးယူတဲ့ ICTY (International Criminal Tribunal for formerYugoslavia) ခုံရုံး၊ ရဝမ်ဒါပြည်တွင်းစစ်မှာ တွတ်ဆီလူမျိုးစုတွေကို မျိုးတုံးသတ်ဖြတ်ခဲ့တာကို အရေးယူတဲ့ခုံရုံး ICTR (International Criminal Tribunal for

>>> စာမျက်နှာ(၂၄)သို့

(ဤဥပဒေပညာပေးကဏ္ဍတွင်ပါဝင်သော ဆောင်းပါးများတွင်ပါရှိသည့် အရေးအသား အတွေးအခေါ်အယူအဆများသည် ဆောင်းပါးရှင်၏ အာဘော်သာ ဖြစ်ပါသည်)

www.free4readers.com



# ရဲစခန်းက အမှုဖွင့်မပေးရင် ဘာလုပ်ကြမလဲ

ရဲမှူးကြီးမြင့်ဝေ(ငြိမ်း)



ကျွန်တော်ပြောချင် (ရေးချင်)နေတာကြာပါပြီ။ မီဒီယာများ (အထူးသဖြင့် Facebook)မှာ မကြာခဏတွေ့နေရသည့် ရဲစခန်းသို့ ရာဇဝတ်မှုများသွားရောက်တိုင်တန်းသည်ကို (သတင်းပေးသည်ကို) အမှုဖွင့်ပေးခြင်းမပြုသည့်ကိစ္စဖြစ်ပါတယ်။

တကယ်တော့ ရဲစခန်းမှာအမှုတိုင်လျှင် အမှုဖွင့်ပေးရမည်မှာ ရဲများ၏မဖြစ်မနေ(မလွဲမသွေ) လုပ်ရမည့်အလုပ်ဆိုသည်ကို ရဲတိုင်းသိကြပါတယ်။ အချို့သောနားလည်နှံ့စပ်သည့် ပြည်သူများနှင့် ဥပဒေပညာရပ်တတ်ကျွမ်းသူများလည်းသိကြပါတယ်။ မသိကြသေးသော ပြည်သူများသိနိုင်အောင်ရေးပြရလျှင်ဖြင့် ရာဇဝတ်မှု (ရဲအရေးပိုင်သောအမှု) ဖြစ်ပွားကြောင်းရဲစခန်းသို့ လာရောက်တိုင်ကြားလျှင် ရဲတွေခေါ်နေကြတဲ့FIR ဆိုတာဖွင့်ပေးရပါတယ်။ FIR ဆိုတာ First Information Report ဖြစ်ပါတယ်။ မြန်မာလိုတော့ ပထမသတင်းပေးတိုင်ချက်ပါ။ ဒီလိုမှုခင်းဖြစ်ပွားကြောင်း ရဲထံပထမဆုံးပေးတဲ့သတင်းလို့ဆိုတာဖြစ်ပါတယ်။ တိုင်ချက်လို့ အတိုခေါ်ကြပါတယ်။

ဒီလိုရာဇဝတ်မှု၊ ရဲအရေးပိုင်တဲ့အမှု ဖြစ်ပွားခဲ့ရင် ကာယကံရှင်ကိုယ်တိုင်လာရောက်တိုင်ကြားမှသာ အမှုဖွင့်ပေးရမှာမဟုတ်ပါဘူး။ နစ်နာသူကာယကံရှင်ကိုယ်တိုင် တိုင်ကြားနိုင်သလို ကြားက သိရှိသူ၊ မြင်တွေ့သူကလည်း တိုင်ကြားနိုင်ပါတယ်။ ဒါကိုသတင်းပေးတယ်လို့ ဆိုပါတယ်။ ဘယ်သူတိုင်တိုင် FIR ဖွင့်ပေးရမှာ၊ အမှုဖွင့်စစ်ဆေးပေးရမှာ ရဲအလုပ်ပါ။

တိုင်တဲ့အခါမှာလည်း ရဲစခန်းကို ကိုယ်တိုင်လာရောက်တိုင်ကြားရမှာဖြစ်ပေမဲ့ မလာရောက်နိုင်လို့ စာရေးသားပေးပို့တိုင်တာ၊ ကြေနန်းစာပေးပို့တိုင်တာလည်း လုပ်လို့ရပါတယ်။ ဖုန်းဆက်ပြီးတော့လည်း တိုင်နိုင်ပါတယ်။ ဒီလိုနည်းတွေနဲ့တိုင်ရင်လည်း အမှုဖွင့်ရမှာပါပဲ။

ဘယ်လိုနည်းနဲ့တိုင်တိုင် ပထမသတင်းပေးတိုင်ချက်ဆိုတဲ့FIR ကို ချက်ချင်းဖွင့်ပေးရပါမယ်။ ချက်ချင်းဖြစ်ပါတယ်။ အချိန်ဆွဲခွင့်လည်းမရှိပါဘူး။ ဖြစ်ပွားပုံ၊ ဖြစ်ပွားတဲ့နေရာကို သွားရောက်စစ်ဆေးပြီးခါမှ FIR ဖွင့်လို့လည်း မရပါဘူး။ တိုင်ပြီဆိုတာနဲ့ ဖွင့်ရမှာပါ။ ဒါကို ပြည်သူတွေသိထားရင် အခုဖွင့်ပေးမှာလား မဖွင့်ပေးဘူးလားလို့ ဖြောင့်ဖြောင့်မေးလိုက်ရုံပါပဲ။

အမှုဖြစ်ပွားတဲ့ အပိုင်နယ်မြေရဲစခန်းမှာတိုင်မှ အမှုဖွင့်ပေးရတာလည်း မဟုတ်ပါဘူး။ မြစ်ကြီးနားမှာဖြစ်တဲ့အမှု ကော့သောင်က ရဲစခန်းမှာ တိုင်ရင်တောင်မှ ကော့သောင်ရဲစခန်းက ဖွင့်ကိုဖွင့်ပေးရမှာဖြစ်ပါတယ်။ မြစ်ကြီးနားမှာသွားတိုင်ပါလို့ ပြောခွင့်မရှိပါဘူး။ ဘယ်ရဲစခန်းမှာ တိုင်တိုင်ရပါတယ်။

FIR ဖွင့်တယ်ဆိုတာကလည်း ဒီအမှုကို စုံစမ်းစစ်ဆေးဖို့ စတင်ဆောင်ရွက်ခြင်းပါ။ FIR ဖွင့်ပြီးတာနဲ့ ဒီအမှုကို စစ်ဆေးဖော်ထုတ်ဖို့ ရဲမှာတာဝန်ရှိသွားပါပြီ။

ဒီလို FIR ဖွင့်ရမယ်ဆိုတာ ကျင့်ထုံးဥပဒေနဲ့ ရဲလက်စွဲမှာ အတိအကျပါပြီး ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ ရှောင်လွှဲဖယ်သွေခွင့် မရှိပါဘူး။

ယုတ်စွအဆုံး အမှုတကယ်မဖြစ်ပါဘဲ အမှုဖြစ်ပွားပါတယ်၊ ကျူးလွန်ခံရပါတယ်၊ နစ်နာပါတယ်ဆိုပြီး လိမ်လည်တိုင်တန်းတာကို (လိမ်လည်တိုင်မှန်းသိနေသည့်တိုင်အောင်) အမှုကိုဖွင့်ပေးရပါမယ်။

တစ်ခါ အမှုဖြစ်ပြီးအတော်ကြာမှ တိုင်တာကြောင့်လည်း ဖွင့်လို့မရဘူးဆိုတာမျိုး မရှိပါဘူး။ ရဲအရေးပိုင်မှုမှန်လျှင်ဖွင့်ပေးရပါမယ်။

အခြားရဲစခန်းအပိုင်မှာဖြစ်တဲ့အမှု ကိုယ့်စခန်းမှာလာတိုင်တာ၊ အမှုမဖြစ်ဘဲလိမ်လည် တိုင်တန်းတာတွေအတွက် ဘယ်လိုလုပ်ရမယ်ဆိုတာလည်း ရဲတွေမှာ လုပ်ထုံးလုပ်နည်းတွေရှိ ပြီးသားပါ။ ဒါရဲအလုပ်ပါ။ ရဲစခန်းအလုပ်ပါ။

ကျွန်တော်ဆိုခဲ့တဲ့အတိုင်း ဥပဒေလုပ်ထုံးလုပ်နည်းတွေရှိနေပါလျက်၊ ရှိနေကြောင်းလည်း သိနေပါလျက် ရဲတွေကအမှုဖွင့်မပေးလို့ဆိုတဲ့ အသံတွေ၊ ပြည်သူတွေ ရဲ့မကျေမနပ်သံတွေ၊ ဆဲဆိုသံတွေ နေ့စဉ်နဲ့အမျှ ကြားနေ၊ ဖတ်နေရပါတယ်။ ရဲတွေကိုနှိမ်ချပြောဆိုရေးသားနေကြတာတွေ၊ ချီးဖွဲ၊ လှောင်ပြောင်တာတွေ ကြားနေရတော့ နှစ်ပေါင်းများစွာ ရဲအဖွဲ့မှာ တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်လို့ ကျွန်တော်ရှက်လာမိပါတယ်။ ပြည်သူတွေဘက်ကနေပြီးလည်း မခံမရပ်နိုင်ဖြစ်လာမိပါတယ်။ ဒါကြောင့်ပဲ ဒီဆောင်းပါးကိုရေးမိတာပါ။ ဒီလိုလုပ်ရပ်တွေကြောင့် နောက်ဆက်တွဲဖြစ်ရပ်ဆိုးတွေပါဖြစ်ပေါ်နေကြောင်းကြားရတော့ ပိုပြီးစိတ်မချမ်းမသာ ဖြစ်ရပါတယ်။

ဒါကြောင့် ဒီလိုအမှုဖွင့်မပေးရတဲ့ အကြောင်းရင်းကို ပြန်လည်သုံးသပ် ကြည့်မိပါတယ်။ တကယ်တော့ ဒီလိုအမှုဖွင့်မပေးတဲ့ကိစ္စတွေက ခုမှဖြစ်တာမဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ဆယ်စုနှစ်နှစ်ခုကျော်လောက်ကတည်းက တွင်ကျယ်လာတာဖြစ်ကြောင်း လေ့လာမိပါတယ်။ ဒီလိုရှိခဲ့လို့လည်း ၁၉၉၅ ခုနှစ်နောက်ပိုင်းကာလတွေမှာ ရဲတပ်ဖွဲ့အကြီးအကဲကိုယ်တိုင် အရပ်သားဟန်ဆောင်ပြီး ရဲစခန်းတွေမှာ အမှုသွားတိုင်တာမျိုးလုပ်ပါတယ်။ အမှုဖွင့်မပေးရင် အရေးယူတာတွေလည်းလုပ်ပါတယ်။ အမှုဖွင့်မပေးရင် ထောင်ချသည်အထိအရေးယူမှာဖြစ်ကြောင်းလည်း ရဲစခန်းတွေမှာ အများမြင်သာအောင် စာရေးကပ်ထားစေပါတယ်။

ဥပဒေလည်းရှိပြီး၊ အထက်လူကြီးတွေလည်းမလိုလားတဲ့ဒီကိစ္စကြီးက ပပျောက်မသွားဘဲ ပိုပြီးဆိုးရွားလာတာဘာကြောင့်များပါလိမ့်လို့ စဉ်းစားကြည့်မိပါတယ်။

ရဲစခန်းတွေမှာ အမှုဖွင့်မပေးတဲ့ကိစ္စအကြောင်းရင်းခံတွေအများကြီးရှိပါတယ်။ ရဲစခန်းတွေဘက်ကကြုံတွေ့နေရတဲ့ အခက်အခဲတွေအများကြီးရှိနေပါတယ်။ ရဲစခန်းတွေမှာ အမှုစစ် အရာရှိအင်အားက လျော့နည်းနေတဲ့အပြင် အမှုစစ်လုပ်ငန်းမဟုတ်တဲ့ ပြင်ပလုပ်ငန်းတွေကလည်းများနေလေတော့ နေ့စဉ်နဲ့အမျှ ဖြစ်ပွားနေတဲ့အမှုတွေကို နိုင်အောင်မစစ်နိုင်ကြပါဘူး။ အချို့သောမြို့ကြီးတွေက ရဲစခန်းတွေမှာ အမှုစစ်တစ်ယောက်မှာ အမှုရာချီပြီးရှိတယ်လို့ သိရပါတယ်။ ဘယ်လိုမှနိုင်နင်းအောင် စစ်ဆေးနိုင်မှာမဟုတ်ပါဘူး။ ပြည့်စုံနိုင်မာအောင်လည်း စစ်ဆေးနိုင်မှာမဟုတ်ပါဘူး။ တရားခံအပြစ်ကျနိုင်လောက်တဲ့ သက်သေအထောက်အထားတွေလည်း ဘယ်လိုမှ ရှာဖွေတင်ပြနိုင်မယ်မဟုတ်ပါဘူး။

နောက်အခက်အခဲတစ်ခုက မြို့ပေါ်မှာဖြစ်ပွားတဲ့အမှုဆိုရင်တောင် ဖြစ်တဲ့နေရာကိုသွားဖို့၊ သက်သေရှိတဲ့နေရာကိုသွားဖို့၊ သက်သေခံပစ္စည်းရောက်သွားတဲ့နေရာမှာသွားသိမ်းဖို့ စတာတွေအတွက် လမ်းလျှောက်သွားလို့၊ စက်ဘီးနဲ့သွားလို့ရတဲ့ခေတ်မဟုတ်တော့ပါဘူး။ သက်သေခံပစ္စည်းအတွက် ထင်မြင်ချက်တောင်းခံဖို့ နေပြည်တော်က ဓာတုဗေဒဝန်ရုံးကိုသွားရမယ်ဆိုရင် လမ်းစရိတ်ကလည်း မသေးလှပါ။ အမှုစစ်စရိတ် ပေးတာရှိပါတယ်။ ဒါပေမဲ့ လောက်ငနိုင်ပါ့မလား။ ဒီတော့ အမှုစစ်တွေလက်ထဲမှာ အမှုတွေပုံနေပြီပေါ့။ ဘယ်စခန်းမှူး၊ ဘယ်မြို့နယ်ရဲတပ်ဖွဲ့မှူးက အမှုထပ်ဖွင့်ချင်ပါ့မလဲ။

ခုပြောခဲ့တာ ရဲစခန်းတွေဘက်ကကြုံတွေ့နေရတဲ့ အခက်အခဲ အချို့ပါ။ အခြားလည်းရှိပါဦးမယ်။ (နောက်ပိုင်းမှာ ထပ်မံတင်ပြပါမယ်)

အမှုတွေဖွင့်မပေးကြတဲ့ကိစ္စမှာ အဓိကကျတယ်လို့ ကျွန်တော်ထင်မြင်တဲ့အချက်ကတော့ မှုခင်းကျဆင်းရေးဆိုတာကို လွဲမှားစွာဆောင်ရွက်ကြတာကြောင့်ဖြစ်တယ်လို့ မြင်မိပါတယ်။

ကျွန်တော်တို့ရဲတပ်ဖွဲ့မှာ မှုခင်းကျဆင်းရေးဆိုတဲ့လုပ်ငန်းစဉ်ရှိပါတယ်။ မှန်ပါတယ်၊ ရဲတပ်ဖွဲ့အနေနဲ့ မှုခင်းတွေကျဆင်းအောင်လုပ်ဖို့ တာဝန်ရှိတာ မှန်ပါတယ်။ သို့သော်လည်း လူရှိရင်အမှုရှိတာပဲဆိုတဲ့စကားနဲ့အညီ လူဦးရေများလာရင် အမှုတွေပိုများလာမယ်ဆိုတာ သဘာဝယုတ္တိရှိပါတယ်။

နိုင်ငံမှာ စီးပွားရေးကျဆင်းလာရင် ဒုစရိုက်မှုကျူးလွန်တာတွေပိုဖြစ်မယ်၊ အလုပ်အကိုင်အခွင့်အလမ်းတွေနည်းပါးပြီး အလုပ်လက်မဲ့တွေ များလာပြီဆိုရင်လည်း အမှုအခင်းတွေပိုဖြစ်လာမယ်ဆိုတာ တွေးကြည့်ရုံနဲ့ သိနိုင်ပါတယ်။

နောက် အရက်သေစာ၊ မူးယစ်ဆေးဝါးတွေသောက်သုံးကြတာကလည်း မှုခင်းဖြစ်ပွားမှုကိုပံ့ပိုးပေးနေတဲ့အချက်ပါ။ လောင်းကစားသမားများကတော့ လောင်းကြေးရှုံးရင် ငွေအစားပြန်ရလိုမှုကို အကြောင်းပြုပြီး အမှုတွေကျူးလွန်ကြပါဦးမယ်။

ကျွန်တော်တို့နိုင်ငံရဲ့ လူဦးရေကဘယ်လောက်တိုးပွားလာနေတယ်ဆိုတာ သန်းခေါင်စာရင်းမကောက်ရင်တောင်သိသာတဲ့ အခြေအနေပါ။ ကိုယ့်နိုင်ငံစီးပွားရေးအကြောင်းလည်း ကိုယ်အသိဆုံးပါ။ အလုပ်လက်မဲ့ဆိုတာလည်း လူဦးရေရဲ့ရာခိုင်နှုန်းမည်မျှလို့ မပြောနိုင်ပေမဲ့ အလုပ်လိုအပ်နေသူတွေ ဒုနဲ့ဒေးပါ။ ပြည်တွင်းမှာ အလုပ်အကိုင်ရှားပါးလို့ ပြည်ပကို တရားဝင်ရော တရားမဝင်ပါသွားလုပ်နေကြတာတွေကြောင့် ရွာတွေမှာ လူငယ်တွေမရှိ သလောက်ဖြစ်နေပါပြီ။

အရက်ဆိုတာကလည်းပေါမှပေါ၊ မူးယစ်ဆေးဝါးကျတော့ သမ္မတကြီးကိုယ်တိုင်ဝင်ပါနေရပြီ မဟုတ်ပါလား။ လောင်းကစားဆိုတာကလည်း နိုင်ငံတကာနဲ့ဆက်သွယ်ကစားနိုင်ပြီဆိုတော့ ဘာပြောကောင်းမလဲပေါ့။

ဒီအခြေအနေတွေက မှုခင်းတွေတိုးတက်ဖြစ်ပွားစေမယ့်အခြေအနေတွေပါ။ ဒါကိုအမှုတွေကျအောင်ချရမယ်လို့ ဆင့်ကဲဆင့်ကဲညွှန်ကြားနေမယ်၊ ဖိအားပေးနေမယ်ဆိုရင် လက်တွေ့ဖြစ်ပေါ်နေတဲ့အတိုင်း အမှုဖွင့်မပေးဘူးဆိုတဲ့ ပြဿနာဆက်ရှိနေဦးမှာပါ။

တပ်မတော်အစိုးရလက်ထက်က လေးလပတ်အစည်းအဝေးတွေကျင်းပပြီဆိုရင် ရဲတပ်ဖွဲ့ချုပ်ဆောင်ရည်ကောင်းလို့ နိုင်ငံတစ်ဝှမ်းမှာအမှုကြီးတွေ ဘယ်လောက်ထိအောင်ကျဆင်းသွားပါပြီ၊ ဒုစရိုက်မှုတွေဆိုလည်း ဘယ်မျှအထိနှိမ်နင်းလိုက်ပါပြီဆိုပြီးတင်ပြကြပါတယ်။ ဘယ်သူကမှ အမှုတွေတိုးဖြစ်နေပါတယ်လို့ မတင်ပြချင်ပါဘူး။ မတင်ပြရဲပါဘူး။ မင်းမလုပ်နိုင်ဘူးလားလို့ ဘယ်အမေးခံချင်ပါ့မလဲ။

တိုင်းနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးတွေရဲ့ လေးလပတ်အစည်းအဝေးကျတော့လဲထုံးစံအတိုင်းပါပဲ၊ ကျွန်တော်တို့တိုင်း၊ ကျွန်တော်တို့ပြည်နယ်မှာ မှုခင်းတွေကျပါတယ်ခင်ဗျာပေါ့။ ဒီလိုမပြောခဲ့နိုင်ရင် ကိုယ့်ဒေသပြန်ရောက်တဲ့အခါ လက်အောက်ကို ဖိအားပေးကြတော့တာပါပဲ။ မင်းတို့မလုပ်နိုင်ရင် ခရိုင်ရဲတပ်ဖွဲ့မှူးမလုပ်နဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူးမလုပ်နဲ့လို့ ဆိုကြတော့တာပေါ့။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ လေးလပတ်အစည်းအဝေးမှာ မှုခင်းလျှော့ချနိုင်မှုဆုဆိုတာလည်း ရှိနေတော့ ပြည်နယ်၊ တိုင်းတပ်ဖွဲ့မှူးတွေ ဆုရချင်ကြတာပေါ့။ အပြိုင်ဆိုင်အမှုတွေ ကျပြရတာပေါ့။ ဒီလိုဆုမျိုးတွေရတဲ့ ပြည်နယ်၊ တိုင်းတပ်ဖွဲ့မှူးတွေ မျက်နှာပွင့်တာပေါ့။

ကိုယ့်လူကြီး မျက်နှာပွင့်နိုင်စေဖို့ အောက်ခြေမှာကင်းကိုက်ပြီပေါ့။ သီအိုရီတွေနဲ့ ဖော်ထုတ်ထားတဲ့ မှုခင်းကျဆင်းရေးနည်းလမ်းတွေ၊ အစဉ်အလာဆောင်ရွက်ခဲ့တဲ့ နည်းလမ်းတွေကျင့်သုံးပေမဲ့ အမှုတွေက တိုးလို့ တိုးလို့ ဖြစ်လာတဲ့အခါ အောက်လမ်းနည်းတွေ မသုံးမဖြစ်သုံးကြရပါတော့တယ်။ နည်းလမ်းတွေကတော့ . . .

(၁) ကျွန်တော်တို့မှတ်ထားလိုက်ပါမယ်၊ သတင်းတစ်ခုခုရရင် လာပြောပါ အမှုဖွင့်ပြီး ဖမ်းပေးပါမယ်လို့ ပြောပြီး ပြန်လွှတ်တဲ့နည်း။

(၂) FIR မဟုတ်တဲ့စာအုပ် (FIR စာအုပ်အတု)မှာ ရေးမှတ်ထားလိုက်တဲ့နည်း။

(၃) တိုင်တဲ့သူ စိတ်ညစ်အောင် အချိန်ဆွဲ၊ ဟိုမေးသည်မေး၊ ဟိုပြောသည်ပြောလုပ်တဲ့နည်း။

(၄) အမှုတိုင်ရင် အချိန်ကုန်မယ်၊ အလုပ်ရှုပ်မယ်၊ ငွေကုန်မယ်၊ လူပင်ပန်းမယ်၊ တရားရုံးတွေဘာတွေသွားရမယ်၊ ရှေ့နေငှားရမယ်ဆိုတာတွေပြောပြီး စိတ်ပျက်စေတဲ့နည်း။

(၅) အခြားရဲစခန်းအပိုင်မှာဖြစ်တာကြောင့် ဆိုင်ရာရဲစခန်းကိုသွားပါလို့ ပြောလွှတ်တဲ့နည်း။

(၆) ခိုးမှုကို ခိုးမှုမသင်္ကာဆိုတာနဲ့ ရေးဖွင့်တဲ့နည်း။ အမှုကြီးကို အခြားသေးငယ်တဲ့ပုဒ်မတတ်ပြီးဖွင့်တဲ့နည်း။

(၇) စခန်းမှူးမရှိဘူး နောက်မှလာဖွင့်ပါ၊ တိုင်ချက်စာအုပ်မြို့နယ်မှူး ယူသွားလို့နောက်မှလာဖွင့်ပါလို့ ပြောတဲ့နည်း။

(၈) လုံးဝကို ဖွင့်မပေးတဲ့နည်း။

စတဲ့နည်းလမ်းတွေပါပဲ။ နောက်ထပ်တောင်ရှိနေဦးမလားမသိဘူး။

ရဲတပ်ဖွဲ့ရဲ့ပင်မလုပ်ငန်းက ပြည်သူတွေအတွင်းမှာဖြစ်ပွားပေါ်ပေါက်တဲ့ ရာဇဝတ်မှုခင်းတွေကို အမှုဖွင့်လှစ်၊ စစ်ဆေးဖော်ထုတ်ပေးပြီး တရားစွဲဆိုတင်ပို့၊ ကျူးလွန်သူအပြစ်ကျသည်အထိဆောင်ရွက်ရမယ့်လုပ်ငန်းဖြစ်ပါတယ်။

အခြားသောတာဝန်တွေကိုလည်း ဆောင်ရွက်ရမှာဖြစ်ပေမဲ့ ရဲစခန်းတစ်ခုအနေနဲ့ကတော့ မှုခင်းလုပ်ငန်းက အဓိကပါ။ ဒီလုပ်ငန်းကလည်းပြည်သူတွေနဲ့ တိုက်ရိုက်ဆက်ဆံဆောင်ရွက်ရတဲ့လုပ်ငန်းဖြစ်ပါတယ်။ ပြည်သူတွေရဲ့ အခက်အခဲလည်းဖြစ်၊ ဥပဒေအရလည်း

>>> စာမျက်နှာ(၂၆)သို့

www.free4readers.com



# ဥပဒေဒိုင်ယာရီ (၃၀၈)

UTK (မဟာဝိဇ္ဇာ၊ သိပ္ပံ၊ ဥပဒေ)

## ရာဇသတ်ကြီးအမေးအဖြေ (၆)



**ကင်းလွတ်ရမြဲအချက်များ (ပုဒ်မ – ၈၁–၈၃)**

ရာဇဝတ်မကောင်းသောအကြံမရှိဘဲ၊ အခြားသော ဘေးအန္တရာယ်ကိုလွှဲဖယ်လိုက်သဖြင့် ဘေးအန္တရာယ်ဖြစ်စေတန်ရာသော ပြုလုပ်မှုသည် ပြစ်မှုမမြောက်။ (ပုဒ်မ –၈၁)

ရှင်းလင်းချက် (က) ဘေးအန္တရာယ်ဖြစ်စေတန်ရာသည်ကို သိလျှက်ပြုခြင်း။

(ခ) ထိုသို့ပြုခြင်းသည် အခြားဘေးအန္တရာယ်ကို တားဆီး၊ လွှဲဖယ်ရန်ပြုခြင်း။

(ဂ) ထိုဘေးအန္တရာယ်သည် ပြုပိုင်လောက်အောင်၊ ခွင့်လွှတ်လောက်အောင် ကြီးမားတဲ့ ဘေးအန္တရာယ်ဖြစ်ခြင်း။

ဥပမာများ (၁) ပင်လယ်ကူးသင်္ဘောကြီးကို လမ်းမှန်အတိုင်း မောင်းနေစဉ်မှာ ဝဲဘက်က လူ(၃၀)ပါ လှေကြီးတစ်စင်း ဖြတ်ဝင်လာတယ်။ ဒီလှေကိုလမ်းလွှဲရှောင်လိုက်ရင် ညာဘက်မှာ လူ(၂)ယောက်ပါ လှေငယ်တစင်းကို တိုက်မိတော့မယ်။ လူ(၃၀)ပါ လှေကို ရှောင်လိုက်လို့ လူ(၂)ဦးပါ လှေကိုတိုက်မိသွားတယ်။ သင်္ဘောမောင်းသူ ကပ္ပတိန်မောင်ဖြူမှာ အပြစ်မရှိဘူးတဲ့။

(၂) မီးအကြီးအကျယ်လောင်နေတယ်။ သက်ကယ်တဲ၊ အိမ်စုတ်၊ အိမ်ငယ်တွေကိုဆက်ပြီး လောင်ရင် မိမိတို့ရပ်ကွက်ကို မီးကူးပြီး လူအသက်၊ပစ္စည်းအန္တရာယ်ဖြစ်တော့မယ်။ ဒါကြောင့် မောင်ဖြူဟာ သက်ကယ်တဲစုတ်တွေကို ဖယ်ရှားဖြိုချခဲ့တယ်။ မိမိတို့ရပ်ကွက် မီးဘေးက ကင်းလွတ်ခဲ့တယ်။ မောင်ဖြူဟာ ပြစ်မှုကျူးလွန်ရာ မရောက်ဘူးတဲ့။

ဒီပုဒ်မက ကြီးတဲ့အန္တရာယ်ကို ရှောင်ဖယ်ဖို့ငယ်တဲ့ အန္တရာယ်ကို ပြုခဲ့ခြင်းဟာ အပြစ်မရှိကြောင်း ကင်းလွတ်ခွင့်ပေးထားတဲ့ပုဒ်မ ဖြစ်တယ်။ လူသားဟာ မလွှဲမရှောင်နိုင်တဲ့ အန္တရာယ်ကို အရေးကြုံလာရင် ပိုမိုဆိုးဝါးတဲ့ အန္တရာယ်ထက်သက်သာတဲ့ အန္တရာယ်ကို ပြုလုပ်ခွင့်ပေးထားတာဖြစ်တယ်။ ဒီလိုပြုလုပ်ရတာဟာလည်း အခြားရွေးချယ်စရာနည်းလမ်းမရှိတော့လို့လုပ်ရတာ ဖြစ်ရမယ်။ ပြုလုပ်တဲ့အခါမှာလည်း အကောင်းဆုံးနည်းလမ်းကို လုပ်သင့်လုပ်ထိုက်တဲ့ နည်းလမ်းနဲ့ ပြုလုပ်ခဲ့တာဖြစ်ရမယ်။ ဒီလိုပြုလုပ်ဖို့ အကြံအစည်လဲ ပြုသူမှာ မရှိရဘူး။ မလွှဲမကင်းသာလို လုပ်လိုက်ရတာ ဖြစ်ရပါမယ်။

(၃) လူကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ ကျရောက်မည့်ဘေးအန္တရာယ်တားဆီးတယ်ဆိုတာ အရက်မူးပြီး တုတ်၊ ဓားကိုင် အများပြည်သူသွားလာရာလမ်းမှာ ရမ်းကားနေသူကို ရပ်ကွက်လူကြီး၊ ရဲက ဖမ်းဆီးချုပ်နှောင်ထားတာလည်း ပါတယ်။

(၄) မီးလောင်နေတဲ့နေရာကို တာဝန်ကျနေတဲ့ ရဲသားက မီးလောင်နေရာကိုဝင်ဖို့ ကြိုးစားတဲ့ အရပ်ဝတ်နဲ့ ရဲအရာရှိကို တားဆီးမရလို့ ခြေထောက်နဲ့ ကန်ကျောက်တားဆီးခဲ့တယ်။ ရဲသားဟာ ပြစ်မှုမမြောက်ဘူး။

(၄) နောင်ချိုဂူတ်တွင်းမှာ တွဲကားတစ်စီးဘရိတ်ချော်ပြီး အရှိန်နဲ့ဆင်းလာတယ်။ အတက်ကားတွေအားလုံး တွဲကားကိုရှောင်ရာက ဆိုင်ကယ်တစ်စီးကို တိုက်မိတယ်။

(၅) ခြံဝင်းသံဆူးကြိုးကိုကျော်ပြီး အိမ်ထဲကို မကြာခဏ သူခိုးဝင်တယ်။ တစ်ညမှာ သံဆူးကြိုးကို လျှပ်စစ်ဓာတ်လွှတ်ထားလို သူခိုးသေသွားတယ်။ ကင်းလွတ်ခွင့်ရ/ မရဖြေပါ။

(၆) ထန်းသမားတစ်ယောက်ရဲ့ ထန်းရည်အိုးထဲက ထန်းရည် ခဏခဏ အခိုးခံရတယ်။ ထန်းရည်ထဲအဆိပ်ခပ်ပြီး သူခိုးဖမ်းတယ်။ ထန်းရည် သောက်တဲ့လူတွေ အဆိပ်သင့် ကုန်တယ်။ ကင်းလွတ်ခွင့်ရ/မရ ပြစ်မှုမြောက်/မမြောက်ဖြေပါ။

(၇) အစာငတ်ပြီး သေခါနီးဖြစ်နေတဲ့ လူတစ်ယောက်ဟာ မိမိသေမှာ စိုးရိမ်လို့ အခြားသူရဲ့ အိမ်က စားစရာတွေ ခိုးယူစားသောက်တယ်။ ကင်းလွတ်ခွင့်ရ/မရ ဖြေဆိုပါ။

(၈) သင်္ဘောပျက်ပြီး ပင်လယ်ထဲမှာ အသက်ကယ်လှေငယ်နဲ့ မျောနေတဲ့ သင်္ဘောသား(၃) ယောက်ဟာ အစာရေစာပြတ်လပ်ပြီး အစာမစားရတာ (၁၀)ရက် ၊ ရေမသောက်ရတာ (၇)ရက် ရှိတော့ လူကြီး ၂ ယောက်က လူငယ်ကလေးတစ်ယောက်ကိုသတ်ပြီး စားလိုက်ကြတယ်။ နောက်(၁၀)ရက်ထိ အသက်ရှင်ပြီး ကယ်တင်ခံရတယ်။ လူငယ်လေးကို သတ်စားတာဟာ ဒီပုဒ်မအရ ကင်းလွတ် ခွင့်ရ/မရ ဖြေပါ။

(၉) လူ(၄)ယောက်သာစီးနိုင်တဲ့ အသက်ကယ်လှေပေါ်မှာ လူ(၈)ယောက်တက်စီးကြတယ်။ လမ်းခရီးမှာ လှေမှောက်မဲ့အန္တရာယ်က လွှဲဖယ်၊ တားဆီးဖို့/အားနည်းတဲ့ ကလေးနဲ့ မိန်းမတွေကို ရေထဲပစ်ချကြတယ်။ ကင်းလွတ်ခွင့်ရ/မရ ဖြေဆိုပါ။

(၁၀) သူတစ်ပါးသေမှ မိမိအသက်ရှင်နိုင်မဲ့အခြေအနေ ဆိုက်ရောက်တဲ့အခါမှာ အခြားသူကို သေအောင်ပြုခွင့်ရှိပါသလား။

(၁၁) ရေမကူးတတ်တဲ့ ရေနစ်နေတဲ့လူက ရေကူးတတ်တဲ့ A ကို ရေထဲမှာ အတင်းဖက်ထားတယ်။ သူကိုထုထောင်းပြီး သတိမေ့အောင်လုပ်ထားခဲ့ရတယ်။ ရေနစ်သေသွားတယ်။ A ဟာ ကင်းလွတ်ခွင့်ရနိုင်သလား။

(၁၂) သင်္ဘောပျက်ပြီး ပင်လယ်ထဲမှာ မျောနေတဲ့လူနှစ်ယောက်ဟာ လူတစ်ယောက်သာ သုံးနိုင်တဲ့ ပျဉ်ပြားတစ်ခုကို တွေ့တယ်။ A က အဲဒီပျဉ်ပြားကို ယူလိုက်တယ်။ ကျန်တစ်ယောက်ကို အနားကပ်မခံဘူး။ တွန်းဖယ်ပစ်တယ်။ သူသေသွားတယ်။ A ဟာ ကင်းလွတ်ခွင့်ရနိုင်သလား။

အထက်မှာတင်ပြခဲ့တဲ့ ဥပမာများဟာ ပုဒ်မ (၈၁) ပြဋ္ဌာန်းချက်ကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ စဉ်းစားလေ့ရှိပါတယ်။

ကလေးသူငယ်ရဲ့ပြုလုပ်မှု

(က) အသက်(၇)နှစ်အောက် ကလေး၏ပြုလုပ်မှု (ပုဒ်မ–၈၂)

(ခ) အသက်(၇)နှစ်အထက် (၁၂)နှစ်အောက် ကလေး၏ပြုလုပ်မှု (ပုဒ်မ–၈၃)

### (က) အသက်(၇)နှစ်အောက် ကလေးသူငယ်ရဲ့ ပြုလုပ်မှုဟာ ပြစ်မှုမမြောက်ဘူး (ပုဒ်မ–၈၂)

ဥပဒေက အသက်(၇)နှစ်အောက် ကလေးတွေဟာ အဆိုးနဲ့ အကောင်း အမှားနဲ့အမှန်ကို ဝေဖန်ခွဲခြားနိုင်တဲ့ အရွက်မဟုတ်ဘူးလို့ မှတ်ယူထားတယ်။ အချို့သော(၇)နှစ်အောက် ကလေးတွေဟာ အသက်ပင် ငယ်လင့်ကစား၊ အသိဉာဏ်နဲ့ပြည့်စုံသူတွေရှိတယ်။ ဉာဏ်ရည်ပြကိန်း(Intelligent Quotient, IQ) မြင့်တဲ့ ကလေးတွေရှိတယ်။ ဒါပေမဲ့ ဥပဒေက ဒါကို လုံးဝမစဉ်းစားဘူး။ အသက်(၇)နှစ်အောက် ကလေးဖြစ်ပေမဲ့ အသိဉာဏ်ရှိပါတယ်။ အပြစ်ပေးပါလို့ တင်ပြလို့မရဘူး။ အသက်(၇)နှစ်အောက်ဖြစ်ရင်၊ ဥပဒေအရ အပြစ်မရှိဘူးလို့ မှတ်ယူခွင့်ပေးပြီး ပုဒ်မ (၈၂)အရ ကင်းလွတ်ခွင့်ပြုထားတယ်။ အကယ်၍ လူကြီးက အသိဉာဏ်ရှိတဲ့အသက်(၇)နှစ်အောက် ကလေးကိုအသုံးချပြီး ပြစ်မှုကျူးလွန်ရင် (ဥပမာ–ခိုးမှု/လုယက်မှု/ အဆိပ်ခတ်မှု)ကလေးဟာ ပြစ်မှုမမြောက်ဘူး။ လူကြီးဟာ (ကလေးကျူးလွန်တဲ့ပြစ်မှုကို) မိမိကိုယ်တိုင်ကျူးလွန်သကဲ့သို့ တာဝန်ရှိတယ်။ ကလေးကို ပြစ်မှုကျူးလွန်ဖို့အားပေးရင်လည်း ကလေးဟာ ပြစ်မှုမမြောက်ဘူး။ လူကြီးပဲ ပြစ်မှုကျူးလွန်ရန် အားပေးကူညီမှုကို ကျူးလွန်ရာ ရောက်တယ်တဲ့။

ဥပမာ(က) အရက်ပုန်းသယ်တဲ့ကလေး ယစ်မျိုးဥပဒေအရ အပြစ်မပေးနိုင်ဘူး (မောင်တင်ချို အမှု)

(ခ) မီးရထားလက်မှတ်မဲ့စီးတဲ့ ကလေးကိုလည်း မီးရထားအက်ဥပဒေအရ အပြစ်မပေးနိုင်ဘူး (ရာရှင်အမှု)

(ဂ) အသက်(၅)နှစ်အရွယ် ကလေးက ယာဉ်ပိုင်ရှင်အဖြစ် မှတ်ပုံတင်ထားတယ်။ လိုင်စင်မရှိဘဲ အငှားယာဉ်ပြေးဆွဲလို့ဆိုပြီး မော်တော်ယာဉ်ဥပဒေအရ အပြစ်မပေးနိုင်ဘူး (ဘစိန်အမှု)

### (ခ) အသက်(၇)နှစ်အထက် (၁၂)နှစ်အောက်ကလေး၏ ပြုလုပ်မှု (ပုဒ်မ–၈၃)

ပြုစဉ်အခါက မိမိပြုလုပ်မှုရဲ့ သဘော/အကျိုးအပြစ်မသိနိုင်တဲ့ (၇)နှစ်အထက် (၁၂)နှစ်အောက်အရွယ်ရှိ ကလေး၏ပြုလုပ်မှုသည် ပြစ်မှုမမြောက်တဲ့။

မြန်မာနိုင်ငံရဲ့တရားဥပဒေအရ ကလေးများနဲ့ပတ်သက်တဲ့ တာဝန်ရှိမှု ပြဋ္ဌာန်းချက်ကို တင်ပြပါမယ်။

၁။ ၇–နှစ်အောက် ကလေးရဲ့ပြုလုပ်မှု ပြစ်မှုမမြောက်။

၂။ (၇–၁၂)နှစ် ကလေး အသိဉာဏ်မရှိလို့ပြုလုပ်ရင် ပြစ်မှုမမြောက်။

၃။ (၇–၁၂)နှစ် ကလေး အသိဉာဏ်ရှိရင် ပြစ်မှုမြောက်တယ်။

၄။ ၁၂–နှစ် အထက်ကလေးရဲ့ပြုလုပ်မှု ဥပဒေအရ တာဝန်ရှိတယ်။

၅။ ၁၆ နှစ်အောက်ကလေးကို သေဒဏ်၊ တစ်ကျွန်းပို့ ဒဏ်မချမှတ်နိုင်၊ ကြိမ်ဒဏ်မရိုက်ရ။

၆။ ၁၈–နှစ်အောက် ကလေးဟာ ပဋိညာဉ် မပြုနိုင်။

(၇–၁၂)နှစ်အရွယ်ကလေးဟာ မိမိပြုလုပ်မှုရဲ့သဘော၊ အကျိုးအပြစ်ကိုသိနိုင်တယ်လို့ ဥပဒေက မှတ်ယူတယ်။ မသိလို့လုပ်မိတာပါလို့ ထုချေရင် – အသိဉာဏ်မရှိကြောင်း ထင်ရှားအောင် သက်သေထူရမယ်။

(က) ပူအိုက်တဲ့တိုင်းပြည်များမှာ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ အရွယ်ရောက်(လူပျိုဖြစ်)ကြတယ်။ ၁၂–နှစ်အောက် အရွယ်ယောက်ျားလေးဟာ မုဒိန်းမှု၊ ကျင့်ကြံရန် အားထုတ်မှုတွေ ကျူးလွန်ခဲ့တာရှိတယ်။ (ထွန်းကြိုင်အမှု – ၁၉၁၈ ခုနှစ်)

(ခ) အလားတူပဲ၊ ခိုးမှု၊ လူသတ်မှုတွေ ကျူးလွန်တဲ့ (၁၂) နှစ်အောက် ကလေးတွေရဲ့ အမှုတွေ ရှိတယ်။

(ဂ) ဒါ့ကြောင့် တရားရုံးများက ဒီ (၇–၁၂) ကလေးဟာ ပြစ်မှုကျူးလွန်စဉ်အခါက မိမိ (ဘာလုပ်တာလဲ) ပြုလုပ်မှုသဘောကို သိ/မသိနဲ့ အကျိုးအပြစ်ကို သိ/မသိဆင်ခြင်စဉ်းစား ဆုံးဖြတ်ကြရတယ်။

**အမှုများ**

၁။ အသက်(၁၁)နှစ်အရွယ် ကောင်လေးက ဓားမြှောင်ကို ကိုင်ပြီး A ကို သတ်ပစ်မယ်လို့ ခြိမ်းခြောက်တယ်။ တကယ်လည်း ဓားမြှောင်နဲ့ထိုးပြီး သတ်လိုက်တယ်။ ကောင်လေးဟာ အသိဉာဏ်ရှိ/မရှိ ကင်းလွတ်ခွင့်ရနိုင်/မရနိုင်ဖြေပါ။

၂။ အသက်(၁၀)နှစ် အရွယ်မိန်းကလေး၊ ပထမအိမ်ထောင်ရှိလျက်နဲ့ နောက်ကောင်လေးနဲ့ထပ်ပြီး လက်ထပ်တယ်။ မိခင်က စီစဉ်ပေးတာတဲ့။ အပြစ်ရှိ/မရှိ ဖြေဆိုပါ။

၃။ အသက်(၇)နှစ် မပြည့်မီ (၅)ရက်အလိုမှာ A ဟာ ခိုးမှုကျူးလွန်တယ်။ (အပြစ်ရှိ/မရှိ)

၄။ အသက်(၇)နှစ်ပြည့်ပြီး (၅)ရက်အလွန်မှာ A ဟာ ခိုးမှုကျူးလွန်တယ်။ (အပြစ်ရှိ/မရှိ)

၅။ ကလေးတစ်ဦးဟာ (၁၀)ရက်အတွင်း အသိဉာဏ်ပြောင်းလဲသွားနိုင်ပါသလား။

ယူတီကေ (စိတ်၊ လိပ်၊ ဥ၊ တ)

www.free4readers.com



# ရန်ကုန် တာမွေမြို့နယ်မှာ အငှားယာဉ်မောင်းကို ဓားထောက်ခြိမ်းခြောက်၍ ဖုန်းနှင့်ငွေများလုယူသူ လူငယ်နှစ်ဦးအား ဖမ်းဆီးရမိပြီ

**စက်တင်ဘာ ၂၇ ရက်နေ့ကသတင်းအရ သိရသည်မှာ တာမွေမြို့နယ်တွင် အငှားယာဉ်မောင်းအား ဓားထောက် ခြိမ်းခြောက်၍ ဖုန်းနှင့်ငွေများလုယက်သွားသည့် လူငယ်နှစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှ သိရ၏။**



ဖြစ်စဉ်မှာ ဖုန်းနှင့်ငွေများလုယက်ခံရသူမှာ တောင်ဥက္ကလာပမြို့နယ်နေ အငှားယာဉ်မောင်းတစ်ဦးဖြစ်သူ ဦး×××(၅၀)နှစ်ဆိုသူဖြစ်ပြီး ၎င်းသည် စက်တင်ဘာ ၂၆ ရက်နေ့ နံနက် ၂ နာရီခန့်က မရမ်းကုန်းမြို့နယ်၊ ချော်တွင်းကုန်းမီးပွိုင့်ဘက်မှ မြို့တွင်းဘက်သို့ ကမ္ဘာအေးဘုရားလမ်းအတိုင်း အငှားယာဉ်အား မောင်းနှင်လာစဉ် အင်လျားကန်ပေါင်အနီးအရောက်တွင် လူငယ်နှစ်ဦးက ပုဇွန်တောင်ဈေးသို့ ငွေကျပ် ၂၅၀၀ ဖြင့် ငှားရမ်းသဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့၏။

၎င်းကပြောပြသည်မှာ "ကျွန်တော်လိုက်ပို့တော့ ပုဇွန်တောင်ဈေးရှေ့ရောက်တော့ သူတို့သူငယ်ချင်းတစ်ယောက် စောင့်နေတယ်လို့ ပြောတယ်။ ရောက်တော့ သူတို့သူငယ်ချင်းကို မတွေ့ဘူး။ မတွေ့တော့ မင်္ဂလာဈေးဘက်ကိုဆက်ပြီး မောင်းခိုင်းတယ်။ ဒါနဲ့ မင်္ဂလာဈေးနား ၃၃ လမ်းနားကိုရောက်တော့ ကားကိုရပ်ခိုင်းတာပေါ့နော်။ ကားရပ်လိုက်တော့ သူတို့ထဲက တစ်ယောက်က ပိုက်ဆံသွားတောင်းမယ်ဆိုပြီး ကားပေါ်က ဆင်းသွားတယ်။ ဆင်းပြီး ကျွန်တော့်ဘေးနားကို ရောက်လာပြီး စကေဘာနဲ့ထောက်တယ်။ နောက်ကားထဲမှာ ကျန်ခဲ့တဲ့တစ်ယောက်ကလည်း ကျွန်တော့်ကို ဓားနဲ့ထောက်တယ်။ အဲဒီအချိန်မှာ နောက်ကနေ ကားတစ်စီးကဝင်လာတော့ အပြင်ကစကေဘာနဲ့ထောက်ထားတဲ့ လူက ကားထဲ ပြန်ဝင်ထိုင်တယ်။ နောက် ကျွန်တော့်ဆီက ပိုက်ဆံတောင်းတယ်။ ဓားထောက်ပြီးတော့"ဟုလုယက်ခံခဲ့ရသည့် ကာယကံရှင်အမျိုးသားက ပြောပြ၏။

၎င်းသို့ ဓားထောက်ခြိမ်းခြောက်ကာ ခြိမ်းခြောက်ငွေတောင်းသဖြင့် ဦး×××(၅၀)နှစ်မှာ ၎င်းတွင်ပါလာသည့် ငွေ ၈၀၀၀၀ ကျော်ခန့်နှင့် ဖုန်းတစ်လုံးတို့အား ပေးခဲ့ရပြီးနောက် အဆိုပါလူငယ်နှစ်ဦးမှာ ယာဉ်ပေါ်မှဆင်းကာ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

"ကျွန်တော့်ကားမှာက Black Box တပ်ထားပါတယ်။ ဖြစ်ပြီးနောက်နေ့မနက်မှာ တာမွေစခန်းကိုသွားပြီး Black Box က ဗီဒီယိုမှတ်တမ်းတွေကိုသွားပြပြီး စခန်းကို အသိပေးတာဖြစ်ပါတယ်"ဟု လုယက်ခံခဲ့ရသည့် အမျိုးသားက ဆက်လက်ပြောကြားသည်။

ဓားထောက်ငွေလုယူခံရသူ ဦး×××(၅၀)နှစ်၏ ယာဉ်ပေါ်တွင် Black Box တပ်ဆင်ထားပြီး အခင်းဖြစ်ချိန်က ဗီဒီယိုမှတ်တမ်းများမှာ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ပျံ့နှံ့ခဲ့ကြောင်း သိရသည်။

ထို့နောက် တာဝန်ရှိသူများမှ ကျူးလွန်သူနှစ်ဦးအား ဖမ်းဆီးရမိရေးစုံစမ်းဆောင်ရွက်ရာ ၎င်းတို့နှစ်ဦးမှာ ရန်ကင်းမြို့နယ်နေ ကျော်ဇင်ထွန်း(၂၀)နှစ်ဆိုသူနှင့် အေးချမ်းပိုင်(၂၁)နှစ်ဆိုသူတို့ဖြစ်ကြောင်း သိရသည်။

"ကျူးလွန်သူနှစ်ယောက်ကို စက်တင်ဘာ ၂၆ ရက်ညပိုင်းမှာ ဖမ်းမိပါတယ်"ဟု အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

အဆိုပါဖြစ်စဉ်မှ ကျူးလွန်သူနှစ်ဦးကို တာမွေမြို့မရဲစခန်းမှ (ပ)၉၃၅/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၈၆ ဖြင့် အမှုဖွင့်ထားပြီး ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရ၏။

**သက်ခိုင်(တာမွေ)**





# မော်လမြိုင်မြို့ သံလွင်ဥယျာဉ်အတွင်းတွင် ဓားခုတ်မှုဖြစ်ပွား



မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ သံလွင်ဥယျာဉ်အတွင်း၌ စက်တင်ဘာ ၂၉ ရက်နေ့ ညဉ့်သန်းခေါင်အချိန်က ဝင်းထွန်းဦး(၄၁)နှစ်၊ သံလွင်ဥယျာဉ်လမ်း၊ ဘိုကုန်းရပ်ကွက်၊ မော်လမြိုင်မြို့နေသူနှင့် ၎င်း၏သူငယ်ချင်းများဖြစ်ကြသော ကျော်သီဟ၊ ဖြိုးသန်းနိုင်တို့နှင့်အတူ အရက်သေစာသောက်စားနေကြစဉ် လူဇော်၊ ဧယျာမြိုင်ရပ်ကွက်၊ မော်လမြိုင်မြို့နေသူနှင့် ထွန်းကိုကို၊ ဗိုင်းဂနိုင်းမြောက်ရပ်ကွက်၊ ပဲခူးတိုင်းဒေသကြီးနေသူတို့(၂)ဦးမှ ရောက်ရှိလာပြီး ဓားဖြင့်ဝင် ရောက်ခုတ်ရာ ဝင်းထွန်းဦးတွင် ယာဘက် ချိုင်းအောက်ထိုးသွင်းဒဏ်ရာ (၁)ချက်၊ နှာရိုးပြတ်ရှဒဏ်ရာ (၁)ချက်၊ ဝဲဘက်မျက်လုံးအောက် ပြတ်ရှဒဏ်ရာ (၁)ချက်၊ အပေါ်နှုတ်ခမ်းပြတ်ရှဒဏ်ရာ (၁)ချက်(စိုးရိမ်ရ)ရရှိသဖြင့် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးမှ ရန်ကုန်ဆေးရုံကြီးသို့ လွှဲပြောင်းကုသမှုခံယူခဲ့ရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ညီအစ်မတော်စပ်သူ ဒေါ်သီတာသိန်းမှ တရားလိုပြုလုပ်တိုင်တန်းသဖြင့် လူဇော်၊ ဧယျာမြိုင်ရပ်ကွက်၊ မော်လမြိုင်မြို့နှင့် ထွန်းကိုကို ဗိုင်းဂနိုင်းမြောက်ရပ်ကွက်၊ ပဲခူးမြို့နေသူတို့(၂)ဦးအား မော်လမြိုင်မြို့မရဲစခန်းမှ (ပ) ၁၂၇/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၂၆ ဖြင့် အမှုဖွင့်၍ ပြစ်မှုကျူးလွန်သူ လူဇော်အား ဖမ်းဆီးရမိပြီး ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဗိုင်းဂနိုင်းမြောက်ရပ်ကွက်နေသူ ထွန်းကိုကိုမှာ ထွက်ပြေးတိမ်းရှောင်နေသဖြင့် အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေးအတွက် စုံစမ်းလျက်ရှိကြောင်း သိရသည်။

**မွန်(မွခင်းသတင်းထောက်)**

# ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က လှည်းတန်း ဦးထွန်းလင်းခြံထိပ်မှာ အငှားကားမောင်းသူအား ဝိုင်းထိုးကြိတ်ကြသူများကို ဖော်ထုတ်ဖမ်းဆီး

**လူမှုကွန်ရက်ပေါ်တွင်ပျံ့နှံ့လာသည့် ရန်ကုန်တွင် အငှားယာဉ်မောင်းတစ်ဦး ဝိုင်းဝန်းထိုးကြိတ်ခံရ၍ မျက်နှာတွင် ဒဏ်ရာများရရှိခဲ့ကြောင်း လူမှုကွန်ရက်စာမျက် နှာပေါ်တွင်Khant Min Thant အကောင့်ဖြင့်ရရှိထားသော ဒဏ်ရာများအား ဖော်ပြခဲ့မှုအပေါ် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့ကြ၏။**

ထိုဖြစ်စဉ်မှာ စက်တင်ဘာ ၂၇ ရက်တွင် Khant Min Thant (TAXI ပိုင်/မောင်းများ စုဝေးရာ O&D) အကောင့်ပိုင်ရှင်က လူမှုကွန်ရက်စာမျက်နှာပေါ်တွင် "မနေ့ည ၉ နာရီခွဲလောက်မှာ လှည်းတန်း ဦးထွန်းလင်းခြံလမ်းထိပ်မှာ ကားရပ်ထားတယ်၊ အဲဒါနောင်နောင်ဆိုတဲ့ လူမိုက်က ဒီနေရာက ထွက်မလား၊ မထွက်ဘူးလား လို့မေးတယ်၊ အဲဒါနဲ့ အစ်ကိုဘာမလွတ်လို့လဲလို့ မေးလိုက်တယ်။ လွတ်လွတ်၊ မလွတ် ငါဖယ်ခိုင်းရင်ဖယ်ကွာတဲ့။ ငါ့ကိုမင်းက ပြန်ပြောတာလားဆိုပြီး စထိုးပါတယ်။ ကျွန်တော်လည်း စိတ်ချင်းမမျှတော့ ကာပဲ ကာနိုင်ခဲ့တယ်ဗျာ။ ဒါနဲ့ ကျွန်တော်က ရဲခေါ်မယ်ဆိုပြီး ဖုန်းဆက်မလို့လုပ်တော့ နောက်ကနေ ပြေးလာပြီး တစ်ယောက်က ချုပ်၊ ငါးယောက်က ဝိုင်းထိုးတာဗျာ။ ဆေးရုံမှာ ဆယ်ချက်ချုပ်လိုက်ရတယ်ဗျာ" စသည်ဖြင့် စာ/ရရှိထားသောဒဏ်ရာကို ဖော်ပြပြီး အဆိုပါနေ့ ၁၂ နာရီ ၁၀ မိနစ်က ဒဏ်ရာရရှိသူ ကိုခန့်မင်းသန့်(၂၁)နှစ်၊ (၂)ရပ်ကွက်၊ မြေတိုင်းအမှတ်(၉)၊ လှိုင်သာယာမြို့နယ်နေသူကိုယ်တိုင် ရဲစခန်းသို့ လာရောက်တိုင်ကြားခဲ့၍ ကမာရွတ်မြို့မရဲစခန်းမှ (ပ)၆၆၆/၂၀၁၈၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၉၄/၃၂၅/၅၀၆/၁၁၄ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်မှု၊ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် ကမာရွတ်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ပြစ်မှုကျူးလွန်သူ တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် စုံစမ်းဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၉ ရက်တွင် နောင်နောင်(၂၇)နှစ်၊ ဝက်သားလုံးကြော်ရောင်း၊ (၃)ရပ်ကွက် ကမာရွတ်မြို့နယ်၊ ကိုကိုမောင်(၂၉)နှစ်၊ (နောင်နောင်၏အစ်ကို) ဈေးရောင်း (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နှင့် စိုးမိုးအောင်(၁၉)နှစ်၊ (နောင်နောင်၏ဆိုင်လုပ်သား)၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေသူတို့အား ဖမ်းဆီးရမိကာ ဖြစ်စဉ်အပေါ် ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်၍ ဥပဒေနှင့်အညီ တရားစွဲတင်ပို့နိုင်ရေးနှင့် ပြစ်မှုကျူးလွန်ခြင်းခံရသူ ကိုခန့်မင်းသန့် (Khant Min Thant-TAXI ပိုင်/မောင်းများစုဝေးရာ O & D အကောင့်ပိုင်ရှင်) အား ဥပဒေနှင့်အညီ ခံစားခွင့်ရရှိနိုင်ရေး ပူးပေါင်းအဖွဲ့က အသေးစိတ်ဆက်လက်စစ်ဆေးဖော်ထုတ်မှုများ ပြုလုပ်လျက်ရှိသည်။

**စတာခ**



# ကားငှားပြီး ကားပေါ်ကဆင်းပြေးလို့ ဖမ်းပြီးစစ်လိုက်တော့ အဖြစ်ကဒီလို

**၁၈-၉-၂၀၁၈ ရက်နေ့ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွင် တက္ကစီ ငှားစီးသော မိန်းမလျာနှစ်ဦးက ယာဉ်မောင်းပိုင်ငွေများနှင့် ဖုန်းတစ်လုံးတို့အား ခိုးယူထွက်ပြေးသွားမှုဖြစ်ပွားခဲ့ကြောင်း သိရ၏။**

ဖြစ်စဉ်မှာ ထိုနေ့ နံနက် ၂ နာရီအချိန်ခန့်က ဦးလုဌေးဦး(၄၆)နှစ်၊ စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်နေသူသည် ၎င်း၏ တက္ကစီယာဉ်အား မောင်းနှင်လာစဉ် အင်းစိန်မြို့နယ်၊ လှိုင်မြစ်လမ်း၊ အင်းစိန်ထောင်အနီးအရောက်တွင် မိန်းမလျာနှစ်ဦးက ရန်ကင်းမြို့နယ်ရှိ မြန်မာပလာဇာသို့ပို့ပေးရန် ငှားရမ်း၍ တင်ဆောင်မောင်းနှင်ခဲ့ပြီး ၎င်းတို့နှစ်ဦးက ယာဉ်စီးခအား ကျပ် ၃၀၀၀၀ ပေးမည်ဟုပြောပြီး ငှားသဖြင့် ကျပ် ၁၀၀၀၀ သာပေးရန်ပြောပြီး လိုက်ပါပို့ဆောင်စဉ် ပါရမီလမ်းအနီးအရောက်တွင် ပေါက်တောဝသို့ ပြန်ကွေ့ခိုင်း၍ ပြန်ကွေ့မောင်းလာစဉ် ဂက်စ်ဖြည့်ရန်အတွက် အနောက်ကြို့ကုန်းဂက်စ်ဆိုင်သို့ မောင်းနှင်လာရာ ဂက်စ်ဆိုင်အဝင်ဝအရောက်တွင် မိန်းမလျာနှစ်ဦးက ကားပေါ်မှဆင်းပြေးသဖြင့် လိုက်ဆွဲရာ ဇင်ဇင်ထွေး(ခ)ဇင်ဇင် (၂၀)နှစ်၊ စံပယ်လမ်း၊ (၆၅)ရပ်ကွက်၊ ဒဂုံ(တောင်)မြို့နယ်နေသူအား ဖမ်းမိခဲ့သည်။

ထို့နောက် ဦးလုဌေးဦးက ယာဉ်ပေါ်တွင် စစ်ဆေးကြည့်ရှုရာ ချည်လွယ်အိတ်အတွင်းထည့်ထားသော ငွေကျပ် ၆၀၀၀၀ နှင့် ဒက်ရှ်ဘုတ်ပေါ်တွင် တင်ထားသော အနက်ရောင်လက်ကိုင်ဖုန်းတို့မှာ မရှိတော့ဘဲ ပျောက်ဆုံးနေသည်ကို စစ်ဆေးသိရှိရသဖြင့် ထွက်ပြေးသွားသော မိန်းမလျာတစ်ဦးမှာ ချမ်းချမ်း(ခ)ဆန်းသစ်ဦး (စုံစမ်းဆဲ)၊ ဘုန်းကြီးကျောင်းကွေ့ (၅၄) ရပ်ကွက်၊ ဒဂုံ(တောင်)မြို့နယ်နေသူဖြစ်ကြောင်း သိရပြီး ချမ်းချမ်း(ခ)ဆန်းသစ်ဦး၏ ဝဲခြေသလုံးတွင် CHAN ဟူသော စာတန်းရေးထိုးထားသည်ဟု သိရ၏။

အဆိုပါမိန်းမလျာနှစ်ဦးအား အရေးယူပေးရန် ဦးလုဌေးဦးက တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ အင်းစိန်မြို့မရဲစခန်းမှ (ပ) ၁၉၃၄/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၇၉ ဖြင့် အမှုရေးဖွင့်ပြီး ဇင်ဇင်ထွေး(ခ)ဇင်ဇင်အား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်နေသည့် ချမ်းချမ်း(ခ)ဆန်းသစ်ဦးအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရ၏။

**မြို့ပတ်သတင်းသမား**

www.free4readers.com

**အချစ် မှုခင်း**

# နိုင်ငံတကာ အိမ်ထောင်ရေးဥပဒေနှင့် သမီးရည်းစားအရေးတော်ပုံများ

**အချစ်ရှေ့နေ**



က ကျွန်တော်အရမ်းခံစားရပါတယ်။ ကျွန်တော်လည်း လူထဲကလူပဲလေ။ ခံစားရတယ်။ ဒါပေမဲ့ ခံစားရတိုင်း လဲသွားတဲ့သူတွေထဲမှာ ကျွန်တော်မပါဘူး။ အဲဒါကြောင့် ကျွန်တော့်အလုပ်တွေ ကျွန်တော်ဆက်လုပ်မယ်''ဟု ၎င်းကပြောသည်။

လက်ရှိအချစ်ရေးသည် အဆင်ပြေနေပြီး စိတ်ဓာတ်ကျအားငယ်ချိန်တိုင်း ဘေးမှ အမြဲအားပေးသည့် ချစ်သူရွှေမှုံ့ရတီကို ကျေးဇူးတင်သည်ဟုဆိုသည်။

''လူတွေပြောနေကြသလို တစ်ချိန်ကျ ပစ်သွားမှာပဲတဲ့။ ကျွန်တော်ကပစ်သွားလည်း ချစ်တယ်။ ကျွန်တော်ချစ်နေရဖို့ပဲ အရေးကြီးတယ်။ သူ့ကိုမိတ်ကပ်မလိမ်းထားရင် ပိုပြီးတော့ချစ်တယ်''ဟု ၎င်းက ပြောသည်။

မွေးနေ့အမှတ်တရအဖြစ် ''အမှား''ဟု အမည်ရသည့် မြူးဇစ်ဗီဒီယိုအသစ်တစ်ပုဒ် အွန်လိုင်းမှတင်ပေးရန် စီစဉ်ထားသော်လည်း အဆင်မပြေမှုအချို့ရှိခဲ့၍ စက်တင်ဘာ ၂၂ ရက်မှတင်မည်ဟုဆိုသည်။

''အမေကလည်း ရွှေမှုံ့ကို အရမ်းချစ်

(၁)

**သမီးရည်းစားဆိုတာ အစိုးရလိုပဲတဲ့**

ခုတလော အနုပညာလောကထဲက သမီးရည်းစားရာသီဥတုထဲက သမီးရည်းစားရာသီဥတုက အေးလိုက်ပူလိုက်နဲ့ အမျိုးမျိုးပြောနေကြတာ ကြားရတော့ ပထမဆုံး ရည်းစား အ·ထ·က ကျောင်းသူက ဘာပြောလဲဆိုတော့ သမီးရည်းစားဆိုတာ အစိုးရလိုပဲတဲ့ မရခင်တော့ ပေးလိုက်တဲ့ ကတိတွေ၊ ရလည်းရရော မေ့ဆေးထိုးထားကြသလိုပဲတဲ့။

(၂)

**မိန်းမမရမှာမပူနဲ့ ငွေမရမှာသာပူတဲ့**

ကျုပ်က တောသားပါ။ တောကနေ မြို့ကိုသွားတော့မယ်ဆိုတော့ ကျုပ်အဖေက မှာလိုက်တယ်၊ ရန်ကုန်ရောက်ရင် စီးပွားရှား ပိုက်ဆံစုတဲ့၊ မိန်းမမရှာနဲ့ မိန်းမမရမှာလည်း မပူနဲ့တဲ့၊ မင်းပူရမှာက ငွေမရှိမှာ ငွေရှိပြီဆိုရင် အချိန်တန်ရင် သမက်တော်ချင်တဲ့ယောက္ခမတွေ အလိုလိုပေါ်လာလိမ့်မယ်။

နောက် မှာလိုက်သေးတယ်။ ရန်ကုန်မှာ အများဆုံးက အရက်ဆိုင်နဲ့ ဘီယာဆိုင်ပဲ အဲဒီမှာသွားပြီး ရေနွေးကြမ်းရမလားလို့ သွားမမေးနဲ့ မင်းကို တောသားမှန်း သိသွားမယ်တဲ့။

(၃)

**ယောက်ျားလေးတွေရဲ့ အချစ်က လမ်းဘေးက ဓာတ်တိုင်လိုပဲတဲ့**

ကျုပ် ရုံးတစ်ရုံးမှာ အလုပ်ရလို့ဝင်တော့ အဲဒီမှာတွေ့တဲ့ ရုံးအုပ်မမအပျိုကြီးက ဘာပြောသလဲဆိုတော့ ''နင်တို့ယောက်ျားလေးတွေရဲ့ အချစ်က လမ်းဘေးကဓာတ်တိုင်လိုပဲ''တဲ့။

ဘယ်ကြိုးလာလာ အားလုံး OK ပဲတဲ့။ အပျိုကြီးဆိုတာ စီးတီးလ်မတ်ထဲက အလှကုန်ပစ္စည်းတွေလိုပဲ တော်ရုံတန်ရုံ မမေးရဲ၊ မပြောရဲ၊ မကြည့်ရဲဘူး။ လူရှိန်တယ်ပေါ့။

(၄)

ကျုပ်ရင်ထဲက စကားတွေပြီးတော့ ကျုပ်အပြင်က ကြားတာလေးတွေ ဝတ္ထုရှားရှိတဲ့အတိုင်း ကျုပ်ချစ်တဲ့စာဖတ်ပရိသတ်တွေကို သူတို့ပြောပြတာ ဖောက်သည်ချတော့မယ် -



မိုးကောင်းကင်ဇာတ်လမ်းတွဲထဲမှာ နေခြည်ဝင့်ထည်အဖြစ် သရုပ်ဆောင်နေရာမှာ အရမ်းနာမည်ထပ်ရခဲ့တဲ့ မင်းသမီးအေးမြတ်သူက အပျိုကြီးလို့ အခေါ်ခံရတဲ့ကိစ္စ ဒီလိုပြောပါတယ်···

**မေး - အခုရော အေးမြတ်သူ အပျိုကြီးလို့ ခေါ်နေကြတဲ့အပေါ် ဘယ်လိုခံစားရလဲ··**

ဖြေ - ဟုတ်တယ်။ ခေါ်ကြတယ်၊ အဲဒီအပေါ် ဘယ်လိုခံစားရလဲဆိုတော့ (သင်ဇာဝင့်ကျော်)စကားကို ငှားပြောရမှာပေါ့။ အပျိုကြီးဆိုတာက တန်ဖိုးရှိတယ်၊ ကိုယ့်အပေါ် သဘောကျတဲ့သူတွေကို မျက်စိစုံမှိတ်တွန်းကန်ပြီးတော့ ရပ်တည်ထားရတာဆိုတော့ အပျိုကြီးဆိုတဲ့ဂုဏ်ကို အေးမြတ်သူ အရမ်းသဘောကျတယ်။ ကိုယ့်ကိုလှောင်တယ်လို့ မခံစားရဘဲ တန်ဖိုးထားတယ်လို့ ခံစားရတယ်။

**မေး - အပျိုကြီးတွေဆိုရင် ဇီဇာကြောင်တယ်လို့ ပြောတတ်ကြတဲ့အပေါ်ရော ဘယ်လိုထင်လဲ···**

ဖြေ - အဲဒီလိုဖြစ်တဲ့ခေတ်က ကျန်ခဲ့ပါပြီ။ အခုခေတ် အပျိုကြီးတွေ အကုန်လုံးက အမြဲတမ်း ခေတ်နဲ့လျော်ညီအောင်နေတယ်။ ခေတ်အမြင်၊ ခေတ်အတွေးရှိတယ်။ ပြီးတော့ ဇီဇာကြောင်တာ မဟုတ်ဘဲ ခေတ်နဲ့အညီ လိုက်နိုင်ကြတဲ့လူတွေဖြစ်သလို အချစ်အကြောင်းကိုလည်း တော်တော်ကိုသိတဲ့လူတွေ ဖြစ်သွားကြပြီ။ အရင်တုန်းက အပျိုကြီးဆိုတာက အိမ်တွင်းပုန်းတွေ၊ အခုခေတ်ကတော့ အိမ်တွင်းပုန်းတွေ မဟုတ်ဘူး။ အချစ်အကြောင်း အများကြီးသိနားလည်သွားလို့ အပျိုကြီးဖြစ်သွားတာ။

**မေး - အေးမြတ်သူရော အပျိုကြီးဘဝကိုပဲ ရွေးချယ်ထားလား···**

ဖြေ - အေးမြတ်သူ အိမ်ထောင်ပြုမှာပါ။ အိမ်ထောင်ရှင်မကောင်းတစ်ယောက်လည်း အေးမြတ်သူ ဖြစ်ချင်ပါတယ်။ အေးမြတ်သူက အသက်(၃၂)နှစ်မှာ အိမ်ထောင်မပြုဖြစ်ခဲ့တော့ အသက်(၃၅)နှစ်လောက်မှာတော့ အိမ်ထောင်ပြုဖို့ စဉ်းစားထားတယ်။ လက်ရှိမှာလည်း အေးမြတ်သူရည်မှန်းထားတဲ့ အိမ်ထောင်ဖက်နဲ့ ကိုယ့်ချစ်သူက တစ်ထပ်တည်းကျတယ်။ ဒါပေမဲ့ ကိုယ်က ကိုယ့်ရဲ့မိသားစုကို လက်မလွှတ်နိုင်သေးဘူး။



အဲဒီအတွက် အေးမြတ်သူ အိမ်ထောင်မပြုဖြစ်သေးတာပါ။ လက်ရှိ အေးမြတ်သူရဲ့ လက်တွဲဖော်အဖြစ် ရွေးချယ်ထားတဲ့သူကလည်း အနာဂတ်တစ်ခုကို နှစ်ယောက်အတူ အကောင်းဆုံး ပုံဖော်မယ့်သူပါပဲ။

**မေး - အေးမြတ်သူအနေနဲ့ ပရိသတ်တွေကို ပြောချင်တဲ့စကားရှိရှင်···**

ဖြေ - အေးမြတ်သူအနေနဲ့ လက်ရှိအချိန်က အရမ်းပျော်ရတဲ့အချိန်ပါ။ ဘာလို့လဲဆိုတော့ အေးမြတ်သူရဲ့ ရုပ်ရှင်ဇာတ်ကားတွေ ရုံတင်နေသလို ရုပ်သံဇာတ်လမ်းတွဲတွေလည်း ပြသခဲ့တယ်။ ဆက်ပြီးပြသဖို့လည်း ရှိနေတဲ့အတွက် အေးမြတ်သူအနေနဲ့ ပရိသတ်တွေနဲ့ အနီးဆုံးမှာရှိနေတယ်လို့ ခံစားရပါတယ်။ အဲဒီအတွက် အရမ်းလည်း ပျော်ပါတယ်။ ပရိသတ်တွေရဲ့အားပေးချစ်ခင်မှုကိုလည်း ကျေးဇူးအရမ်းတင်ပါတယ်။ ထပ်ပြီး တွေ့မြင်ရမယ့်ဇာတ်ကားတွေမှာလည်း အေးမြတ်သူကို အားပေးကြပါဦး။ ပရိသတ်တွေအားပေးမှ အေးမြတ်သူတို့က ဇာတ်ကားတွေ ဆက်ပြီးရိုက်ကူးနိုင်မှာပါ။ ပရိသတ်တွေနဲ့ အနီးဆုံးနေရာမှာ အမြဲတမ်းရှိချင်ပါတယ်။ ဒါကြောင့်လည်း အေးမြတ်သူကို ချစ်ခင်အားပေးကြဖို့ ပရိသတ်တွေကို မေတ္တာရပ်ခံချင်ပါတယ်။

(၅)

**ရွှေထူးကပြောတယ် ရွှေမှုံ့ရတီကိုချစ်နေရဖို့ အရေးကြီးတယ်တဲ့**

အဆိုတော် ရွှေထူး၏(၂၆)နှစ်ပြည့် မွေးနေ့အလှူကို ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်ရှိ YGW မိဘမဲ့ကလေးများစောင့်ရှောက်ရေးဂေဟာတွင် ပြုလုပ်ခဲ့သည်။

''မနှစ်ကတည်းက ဒီကျောင်းကို ဖေ့စ်ဘွတ်ခ်ကနေ ကျွန်တော့်အနေနဲ့တွေပြီး လှူချင်ခဲ့တာပါ။ ဒီနှစ်ကတော့ အမေ့ရဲ့ဆန္ဒအရရော ကျွန်တော့်ရဲ့ဆန္ဒအရပါ ဒီမှာလာလှူဖြစ်တာပါ''ဟု ၎င်းက ပြောသည်။

အဆိုပါကျောင်းရှိ ကလေးများအား ညနေစာအာဟာရနှင့် စာရေးကိရိယာများ၊ အအေးဘူးများ၊ အာဟာရမုန့်များ၊ ကလေးအသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းခဲ့ပါတယ်။

''အရမ်းပျော်တယ်။ ကျွန်တော့်ကို ချစ်နေကြသေးတဲ့ ပရိသတ်တွေက တကူးတကလိုက်လာပေးကြတယ်။ ကျွန်တော့် သူငယ်ချင်းတွေရော၊ ကျွန်တော်ချစ်ရတဲ့သူရော၊ ကျွန်တော့်မိသားစုရော လိုက်လာပေးကြတဲ့အတွက် အရမ်းဝမ်းသာတယ်။ ဒီနှစ်က ကျွန်တော့်အတွက်ထူးခြားတဲ့ နှစ်တွေထဲက နှစ်တစ်နှစ်ပါပဲ''ဟု ၎င်းက ပြောသည်။

မွေးနေ့မတိုင်မီက ၎င်း၏အချစ်ရေး အပြောင်းအလဲနှင့်ပတ်သက်၍ ဝေဖန်မှုများစွာနှင့် ရင်ဆိုင်ခဲ့ရသည်။

''ဒီအတောအတွင်းမခံစားရဘူးပြောရင် လိမ်ရာကျမှာပေါ့နော်။ ကျွန်တော့်ကို ပြောနေကြတဲ့သူတွေအားလုံး သိစေချင်တာ

စာမျက်နှာ(၂၀)သို့

www.free4readers.com



➢➢➢စာမျက်နှာ(၁၉)မှအဆက်



တယ် စိတ်ချမ်းသာတာပေါ့နော်။ အမေက ပြောထားပြီးသား။ ငါ့သားချစ်တဲ့ဘယ်သူ့ကို မဆိုချစ်ပေးမှာပဲတဲ့။ အမေ့ကိုကျေးဇူးအများ ကြီးတင်ပါတယ်"ဟု အဆိုတော် ရွှေထူးက ပြောသည်။

(၆)

**သမီးရည်းစားတွေအတွက် ကြည်နူးပီတိ အားကျစရာဗီဒီယိုဖိုင်လို့ပြောနေကြတဲ့ နန်းဆုရတီစိုး၏မွေးနေ့တွင် ချစ်သူဖြစ်သည့် G-Fatt နှင့် လှူဒါန်းမှုများပြုလုပ်ခဲ့ကာ G-Fatt က မွေးနေ့အမှတ်တရဗီဒီယိုဖိုင် တင်ပေးခဲ့**

အနုပညာရှင်စုံတွဲတစ်တွဲဖြစ်သည့် သရုပ်ဆောင် တေးသံရှင် နန်းဆုရတီစိုး၏ စက်တင်ဘာ ၁၈ ရက်တွင်ကျရောက်သည့် မွေးနေ့၌ ချစ်သူ တေးသံရှင် G-Fatt နှင့် အတူ အလှူဒါနများပြုလုပ်ခဲ့ပြီး တေးသံရှင် G-Fatt ကလည်း နန်းဆုရတီစိုးအတွက် အမှတ်တရ ဗီဒီယိုဖိုင်တစ်ခု ပြုလုပ်ကာ





တင်ပေးခဲ့ကြောင်း သိရသည်။ ပရိသတ် အားပေးချစ်ခင်သည့် စုံတွဲတစ်တွဲဖြစ်သော တေးသံရှင် G-Fatt နှင့် နန်းဆုရတီစိုးတို့ သည် နန်းဆုရတီစိုး၏ မွေးနေ့ရက်တွင် အတူဖြတ်သန်းခဲ့ကြသည်။

"အခုနှစ်မွေးနေ့မှာလည်း အရင်နှစ် တွေလိုပဲ အလှူဒါနတွေနဲ့အတူပဲ ဖြတ် သန်းဖြစ်ခဲ့ပါတယ်။ နန်းဆုဘုရားသွားတယ်။ ပန်းရေချမ်းဆီမီးကပ်လှူပူဇော်တယ်။ မွေးနေ့အလှူလေးမှာ G-Fatt လည်း အတူလိုက်လာပေးတယ်။ ငှက်စာလေးတွေ အတူတူကျွေးတယ်ဆိုတော့ ပျော်ရပါတယ်။ နန်းဆုက မွေးနေ့မှာ ပါးပါးမားမားတို့ကို လည်း ကန်တော့တယ်။ မွေးနေ့မှာ ချစ်ရ သူတွေနဲ့အတူ ဖြတ်သန်းခွင့်ရသလို ချစ်ရ တဲ့ပရိသတ်တွေရဲ့ ဆုတောင်းစကားတွေ၊ မေတ္တာလက်ဆောင်ရတာကိုလည်း ကျေးဇူး တင်ပါတယ်။ ကြည်နူးစိတ်လည်းဖြစ်ရပါ တယ်"ဟု သရုပ်ဆောင် တေးသံရှင် နန်းဆုရတီစိုးက ဆိုသည်။

တေးသံရှင် G-Fatt ကလည်း "မနန်း ဆုမွေးနေ့အတွက်ကျတော့ အမှတ်တရဆို တာက တန်ဖိုးကြီးတာပေးမှမဟုတ်ဘူးလေ။ ကျွန်တော်နားလည်လက်ခံထားတာက ကျွန်တော်တို့နှစ်ယောက်အတွက် အမှတ် တရဖြစ်မယ့်၊ သူ့မွေးနေ့မှာ ကြည်နူးစေမယ့် လက်ဆောင်မျိုးလေးဖြစ်ဖို့ အဓိကထား စဉ်းစားပါတယ်။ ဒီနှစ်မွေးနေ့လေးကိုလည်း ကျွန်တော်တို့နှစ်ယောက်စပြီးဆုံတွေ့ခဲ့တဲ့ အချိန်ကနေ အတူတူဖြတ်သန်းခဲ့တဲ့အချိန် ကနေ အတူတူဖြတ်သန်းခဲ့တဲ့အချိန်တွေ အားလုံးကို အမှတ်တရလေးအနေနဲ့ ဗီဒီယို ဖိုင်လေးဖန်တီးပြီးတော့ လက်ဆောင်ပေး ဖြစ်တာပါ။ မွေးနေ့မှာ မနန်းဆုဘုရားသွားတဲ့ အခါကျတော့ လိုက်ပေးဖြစ်တယ်။ အလှူ အတူတူလုပ်ကြတယ်။ ခိုစာကျွေးကြတယ်။ ကြည်နူးစိတ်ဖြစ်ရပါတယ်။ မွေးနေ့ဆိုတာက အဓိကတော့ စိတ်အေးအေးချမ်းချမ်းနဲ့ ပျော်ရွှင်ဖို့က အဓိကကျတယ်လို့ ကျွန် တော်တို့နှစ်ယောက်လုံး ခံယူထားပါတယ်" ဟု ဆိုသည်။





တေးသံရှင် G-Fatt သည် နန်းဆု ရတီစိုးအတွက် "ရှုံးအောင်ချစ်ရသူ"တေး သီချင်းအား ဖန်တီးပေးခဲ့ပြီးနောက် ယခု အခါ တေးသီချင်းသစ်တစ်ပုဒ်အား ထပ်မံ ဖန်တီးပေးထားကြောင်းလည်း သိရသည်။ ယင်းတေးသီချင်းကိုလည်း မကြာမီတွင် အွန်လိုင်း၌ လွှင့်တင်နိုင်ရန် စီစဉ်မည်ဖြစ် ကြောင်း သိရသည်။

(၇)

**ဘေဘီမောင်က ပြောတယ် မောင်လို့ခေါ်ရင် ဗျာလို့ထူးတာကို တအားရင်ခုန်တယ်တဲ့**

အနုပညာလောကမှာ ဖြည်းဖြည်းမှန် မှန်နဲ့ပဲ ပရိသတ်တွေရဲ့ လက်ခံအားပေးမှုရ အောင် ကြိုးစားနေတဲ့ သရုပ်ဆောင် ဘေ ဘီမောင်က လက်ရှိမှာတော့ ချစ်သူရှိနေပြီး ချစ်သူက ကိုယ့်ထက်ငယ်တာ၊ ကြီးတာ ထက်၊ နှလုံးသားချင်း ထိမိဖို့သာ အဓိက ကျပါတယ်လို့ The Voice ကို ပြောကြား ပါတယ်။

"ဘေဘီချစ်တဲ့သူက ကိုယ့်ရင်ထဲမှာ ရှိပါတယ်။ အခုအချိန်မှပြောဖို့ကတော့ စောလည်း စောလွန်းနေတယ်။ ဘေဘီက အနုပညာဝမ်းစာလည်း မပြည့်သေးဘူး။ ပရိသတ်အတွက်ကို ကိုယ့်ရဲ့ ကြိုးစားမှုတွေ ချပြဖို့အတွက် အများကြီးလိုနေသေးတဲ့အချိန် မှာ အချစ်ရေးကို အဲ့လောက်ကြီး မစဉ်းစား ချင်သေးဘူး။ ချစ်တဲ့သူရှိရင် နှလုံးသားထဲမှာ သိမ်းထားပါတယ်။ အချိန်တန်ရင်တော့ ပရိသတ်တွေကို အသိပေးမှာပါ"လို့ ၎င်းက ထပ်လောင်းပြောကြားခဲ့ပါတယ်။

အချစ်ရေးမှာ လူနှစ်ယောက်ချစ်ခင်ကြ ဖို့အတွက် အသက်အရွယ်ကန့်သတ်ချက် မလိုတဲ့ ကြီးကြီးငယ်ငယ် အပြန်အလှန်ချစ် ဖို့ လေးလေးစားစားရှိဖို့သာ လိုအပ်ကြောင်း၊ လက်ရှိအချိန်မှာ အနုပညာအလုပ်ကို ကြိုး စားလုပ်ကိုင်နေရတာကြောင့် ပရိသတ်တွေ ကို ကိုယ့်ရဲ့ ချစ်သူအကြောင်းကို အသိ မပေးသေးတာဖြစ်ကြောင်း ဘေဘီမောင်က ပြောကြားပါတယ်။

"ဘေဘီက ချစ်သူဆိုရင် မောင်လို့ ခေါ်ရတာကို ဖီးလ်ဖြစ်တယ်။ မောင်လို့ခေါ် ရင်ဗျာလို့ထူးတာကို တအား ရင်ခုန်တာပဲ။ အဲ့ဒါကြောင့် မောင်လို့ခေါ်ချင်တယ်။ ချစ်သူ ကတော့ ရှိပါတယ်။ ဒါပေမဲ့ လက်တွဲဖို့က တော့ ကြာဦးမှာပါ။ အလုပ်တွေကြိုးစားနေ တုန်းပဲ ရှိသေးတယ်။ ပရိသတ်ချစ်တဲ့ ဘေဘီမောင်ဖြစ်အောင် ကြိုးစားနေတယ်" လို့ ၎င်းက ဆိုပါတယ်။

ကဲ…ပရိသတ်ကြီးရေ ဒီအပတ်တော့ ဒီမျှနဲ့ နားပါရစေ။ မှုခင်းသတင်းဖတ်သူတိုင်း အချစ်ရေး အိမ်ထောင်ရေး အဆင်ပြေကြ ပါစေ။

**အချစ်ရှေ့နေ**







www.free4readers.com



## ဒဂုံမြို့သစ်မြောက်ပိုင်းမှာ ဝါယာကြိုးပေါက်မှ ဓာတ်လိုက်မှုဖြစ်ပွားပြန်ပြီ

၂၃-၉-၂၀၁၈ ရက်နေ့ ညနေ ၄ နာရီ ၂၀ မိနစ်အချိန်ခန့်တွင် ဒုရဲအုပ် သီဟထွန်း၊ ဒဂုံမြောက်မြို့မရဲစခန်း တာဝန်မှူး တာဝန်ဆောင်ရွက်နေစဉ် သယ်န်းကျွန်း(စံပြ)ဆေးရုံမှ လူတစ်ဦးဓာတ်လိုက်သေဆုံးရောက်ရှိနေကြောင်း ဖုန်းသတင်းအရ မြို့မစခန်းမှူး ဒုရဲမှူး သက်နိုင်ဦးနှင့်အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ထင်လင်းအောင်(၂၉)နှစ်၊ သဘော်သား၊ ရွှေဂုဏ်သီရိလမ်းနှင့် စိန်သီရိလမ်းထောင့်၊ (၃၇)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်နေသူဖြစ်ကြောင်း သိရှိရပြီး သေဆုံးသူ၏ အစ်မဖြစ်သူ ဒေါ်ဝါဝါဦး(၄၄)နှစ်၊ (လိပ်စာတူ)ပြောပြချက်အရ သေဆုံးသူ ထင်လင်းအောင်မှာ မွန်းလွဲ ၂ နာရီအချိန်ခွဲခန့်တွင် နေအိမ်အလယ်ထပ် ရေချိုးခန်းရှိတံခါးမှာ နိမ့်နေသောကြောင့် မြင့်ရန်အတွက် ရေချိုးခန်းတံခါးဝတွင် လွှန်စက်အား အသုံးပြု၍ အပေါက်ဖောက်နေခဲ့သည်ဟု ဆို၏။

ထိုသို့အပေါက်ဖောက်နေစဉ် လွှန်စက်၌ တပ်ဆင်ထားသည့် ဝါယာကြိုးအား ကိုင်မိရာမှ ဓာတ်လိုက်လဲကျသွားပြီး ပင်လုံဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးသွား၍ ပင်လုံဆေးရုံမှတစ်ဆင့် သယ်န်းကျွန်း(စံပြ)ဆေးရုံသို့ လွှဲပြောင်းပို့အပ်သဖြင့် သယ်န်းကျွန်း(စံပြ)ဆေးရုံမှ PR-73 ဖြင့် လက်ခံစစ်ဆေးလျက်ရှိကြောင်း သိရသည်။ အဆိုပါ ဓာတ်လိုက်သေဆုံးမှုကို ဒုရဲအုပ် သီဟထွန်းမှ တရားလိုပြုလုပ်တိုင်တန်းသဖြင့် ဒဂုံမြောက်မြို့မရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၂၃/၂၀၁၈ ဖြင့် အမှုဖွင့်ပြီး အမှုစစ် ဒုရဲမှူး သက်နိုင်ဦးမှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်စိုးဦး

### နောင်ချိုမြို့ ပူးပေါင်းအဖွဲ့တို့က ခရီးသည် မှန်လုံယာဉ်ကိုရှာဖွေစစ်ဆေးရာ

## ခရီးသည်ထံမှ ဘိန်းဖြူမှုန့် ဆပ်ပြာခွက်(၂၈၆)ခွက် ဖမ်းဆီးရမိ



ရှမ်းပြည်နယ်(မြောက်ပိုင်း) မန္တလေး-လားရှိုးကားလမ်း၊ ပြည်ထောင်စုကားလမ်း၊ နောင်ချိုဂုတ်တွင်း လမ်းပိုင်းတွင် ၁၂-၉-၂၀၁၈ ရက်နေ့ ညနေ ၄ နာရီခွဲအချိန်က မိုင်တိုင်အမှတ် ၈၀/၄ ၌ မူးယစ်တပ်ဖွဲ့စု (၂၄)မှ ရဲအုပ် စောထင်လင်း၊ ဒုရဲအုပ် ဇော်လှိုင်စိုး(ဦးစီး)သော တပ်ဖွဲ့ဝင်များ နောင်ချိုမြို့မရဲစခန်းမှ ရဲအုပ် မျိုးကိုကို (ဦးစီး)သော တပ်ဖွဲ့ဝင်များ၊ နောင်ချိုရဲ သတင်းတပ်ဖွဲ့မှ တပ်ကြပ်ကြီး ဇော်လွင်ဦး ပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် သက်သေများနှင့်အတူ ပိတ်ဆို့ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်နေကြစဉ် မူဆယ်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ဦးအောင်ပြည့်ဖြိုး မောင်းနှင်လာသည့် MDY 6C/××××ခရီးသည်တင်မှန်လုံယာဉ်ကို ရပ်တန့်စစ်ဆေးကြသည်။

ယာဉ်ပေါ်တွင် ခုံအမှတ် ၂၁/၂၂ ၌ ခရီးသည်အဖြစ် စီးနင်းလိုက်ပါလာသော ဇော်မင်းထွန်း၏ အနက်ရောင်ခရီးဆောင်သေတ္တာအိတ်အတွင်းမှ ဘိန်းဖြူ/ဖြူဝါကြား အမှုန့်ရောင်စုံဆပ်ပြာခွက် (၂၈၆)ခွက် စုစုပေါင်းအလေးချိန်(၃ ·၄၃၂)ကီလိုဂရမ်ခန့် ဒေသပေါက်ဈေး (၁)ကီလိုလျှင် သိန်း(၁၉၀)ဖြင့် တန်ဖိုးကျပ်(၆၅၂၀၈၀၀၀)အား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူနှင့် သယ်ဆောင်ခိုင်းသူ ဇော်မင်းထွန်း(ခ)ကတုံး(၃၈)နှစ်၊ ငြိမ်းချမ်းသာယာရပ်ကွက်၊ လုံးခင်းကျေးရွာအုပ်စု၊ ဖားကန့်မြို့နယ်၊ အောင်ဇော်ဦး(ခ)ဇော်ဦးလေး(၄၂)နှစ်၊ လိပ်စာတူ(၂)ဦးတို့အား နောင်ချိုမြို့မရဲစခန်းမှ မယ(ပ)၆၂/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ပျံလွှား(နောင်ချို)

### လူမှုရေးဖောက်ပြန်တယ်ဆိုပြီး

## ဇနီးသည်ကို ဓာတ်ဆီလောင်းမီးရှို့တဲ့လင်

၂၄-၉-၂၀၁၈ ရက်နေ့ ညနေ ၅ နာရီ ၅၀ မိနစ်အချိန်ခန့်တွင် ရဲအရာခံ အောင်နိုင်ဦး တာဝန်မှူး တာဝန်ဆောင်ရွက်နေစဉ် မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ မေတ္တာဗီလမ်း၊ မေတ္တာဗီဈေးရှေ့ လမ်းပေါ်တွင် အမျိုးသမီးတစ်ဦးအား ဓာတ်ဆီလောင်းမီးရှို့ခံရကြောင်း သတင်းအရ (ခရိုင်)နယ်ထိန်းအရာရှိ ဒုရဲအုပ် သက်ကိုကိုနှင့်အဖွဲ့ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ မီးရှို့ခံရသူမှာ မမိဖြိုး(၃၃)နှစ်၊ မီးရထားလိုင်းခန်းဘေး၊ ဝေပုလ္လလမ်း၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေသူဖြစ်ကြောင်း သိရသည်။

၎င်းသည် ညနေ ၄ နာရီ ၂၀ မိနစ်အချိန် မေတ္တာဗီဈေးရှေ့၊ မေတ္တာဗီလမ်းမပေါ်တွင် ကုန်စိမ်းရောင်းနေစဉ် ခင်ပွန်းဖြစ်သူ ထွန်းထွန်းဦး(၃၂)နှစ်၊ (လိပ်စာတူ)မှာ အရက်သေစာသောက်စားမူးယစ်ကာ ရောက်ရှိလာပြီး ဇနီးဖြစ်သူအား အခြားအမျိုးသားတစ်ဦးနှင့် ဖောက်ပြန်နေသည့်ကိစ္စနှင့်ပတ်သက်၍ စကားများရန်ဖြစ်ရာမှ ထွန်းထွန်းဦးသည် ၎င်းတွင်အသင့်ပါလာသော ဓာတ်ဆီဘူးအား ဇနီးဖြစ်သူ မမိဖြိုး၏ ခန္ဓာကိုယ်ပေါ်သို့ လောင်းချကာ မီးရှို့ခဲ့သဖြင့် ဇနီးဖြစ်သူတွင် ဝဲ/ယာ လက်မီးလောင်ဒဏ်ရာ၊ ရင်ဘတ်မီးလောင်ဒဏ်ရာနှင့် ဝဲ/ယာခြေထောက်မီးလောင်ဒဏ်ရာများ ရရှိကာ ပူလောင်သည့်ဝေဒနာခံစားနေရပြီး မြောက်ဥက္ကလာပဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူနေရကြောင်း သိရသည်။

ထို့ကြောင့် မမိဖြိုးအား ဓာတ်ဆီဖြင့် လောင်းမီးရှို့၍ နာကျင်ဒဏ်ရာများရရှိအောင် ပြုလုပ်ခဲ့သူ ထွန်းထွန်းဦးအား မြောက်ဥက္ကလာပမြို့မရဲစခန်းမှ (ပ)၁၂၀၅/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၂၆ ဖြင့် အမှုဖွင့်ပြီး အမှုစစ်မှ ဖမ်းဆီးအရေးယူလျက်ရှိကြောင်း သိရသည်။

တာနွယ်

❖ ❖ ❖

## ညီဖြစ်သူက ဖမ်းဆီးကြိုးတုပ်ပြီး အစ်ကိုဖြစ်သူကို ဖုန်းဆက်ခေါ်ကာ အိမ်ထောင်ရှင် အမျိုးသမီးတစ်ဦးအား အဓမ္မပြုကျင့်သည့် ညီအစ်ကိုနှစ်ဦးဖမ်းဆီး

**စက်တင်ဘာ ၂၁ ရက်နေ့က ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် တာလေမြို့တွင် အိမ်ထောင်ရှင်အမျိုးသမီးအား တောင်ယာတဲအတွင်း ဖမ်းဆီးချုပ်နှောင်ကာ အဓမ္မပြုကျင့်ခဲ့သည့် ညီအစ်ကိုနှစ်ဦးအားဖမ်းဆီးကာ အမှုဖွင့်အရေးယူထားကြောင်း တာချီလိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စက်တင်ဘာ ၂၄ ရက်က သိရ၏။**

ဖြစ်စဉ်မှာ တာလေမြို့ နားယောင်းကျေးရွာအုပ်စု မိုက်ဟိုဆန်ခါကျေးရွာအုပ်စု မိုက်ဟိုဆန်းခါကျေးရွာ တောင်ယာတဲတွင် (၄၂)နှစ်အရွယ် အိမ်ထောင်ရှင်အမျိုးသမီးကို ညီအစ်ကိုနှစ်ဦးက ဖမ်းဆီးအဓမ္မပြုကျင့်မှု၊ ဖမ်းဆီးရန်ကူညီမှုတို့ဖြင့် စက်တင်ဘာ ၂၃ ရက်တွင် ကာယကံရှင်အမျိုးသမီး၏ တိုင်ကြားချက်အရ ကျူးလွန်သူညီအစ်ကိုနှစ်ဦးဖြစ်သည့် လီယာ(၃၅)နှစ်နှင့် အားတု(၂၃)နှစ်တို့ကို တာလေနယ်မြေရဲစခန်းတွင် အမှုဖွင့်စစ်ဆေးနေကြောင်း သိရ၏။

အမှုဖြစ်စဉ်မှာ အဓမ္မပြုကျင့်ခံရသူ အမျိုးသမီးသည် တာလေမြို့ မိုက်ဟိုဆန်ခါကျေးရွာတွင် နေထိုင်သူဖြစ်ပြီး စက်တင်ဘာ ၂၁ ရက်က တောထဲတွင် မိသလင်ရှာဖွေရန်သွားရောက်ပြီး ညနေ ၄ နရီခန့်၌ ရွာထဲသို့ပြန်လာစဉ် အားတု(၂၃)နှစ်၏ တောင်ယာတဲရှေ့အရောက် အားတုက တောင်ယာတဲတွင် ဝက်ကူမောင်းထုတ်ပေးရန်နှင့် ငရုတ်သီးများခူးသွားရန် ပြောသဖြင့် ကူညီပေးပြီး ငရုတ်သီးခူးနေစဉ် အားတုက နောက်မှဓားဖြင့်ခြိမ်းခြောက်ကာ ကြိုးတုပ်ချည်နှောင်ပြီး အစ်ကိုဖြစ်သူ လီယာ(၃၅)နှစ်အား ဖုန်းဆက်လှမ်းခေါ်ပြီး အဓမ္မပြုကျင့်ခဲ့ခြင်းဖြစ်သည်။

ထိုသို့အဓမ္မပြုကျင့်ပြီးနောက် ကျူးလွန်သူနှစ်ဦးက အမျိုးသမီးအား မည်သူ့ကိုမှပြန်မပြောရန် ပြောဆို၍ ထားခဲ့ပြီးနောက် အမျိုးသမီးမှာ နေအိမ်သို့ပြန်လာခဲ့ပြီး ခင်ပွန်းဖြစ်သူကို အကျိုးအကြောင်းပြောပြကာ တိုင်ကြားခဲ့ခြင်းဖြစ်သည်။

ကျူးလွန်သူနှစ်ဦးအား တာလေနယ်မြေရဲစခန်းမှ (ပ)၉/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၅၄/၃၇၆/၁၁၄ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

ခရီးသွားသတင်းသမား

>>>စာမျက်နှာ(၄)မှအဆက်

ထိုကဲ့သို့ ခင်ဦးမြို့နယ်တရားရုံးသို့ လင်မယားကွာရှင်းခွင့် လျှောက်ထားနေစဉ် ကာလအတွင်း မချိုမာမိသားစု စိုက်ပျိုးလုပ်ကိုင်နေသောလယ်(၂)ကေခန့်ကို ကိုကျော်စိန်ဝင်းက ရယူလိုသည်ဟု ဆိုလာပြန်သည်။ မချိုမာက အိမ်ထောင်ဦးလက်တက်ပွားမဟုတ်ပါ။ ကလေးတွေအတွက် အဘိုးက ပေးထားတဲ့ လယ်မြေဖြစ်၍ လုံးဝမပေးနိုင်ကြောင်း ငြင်းဆန်ခဲ့သည်။

ကိုကျော်စိန်ဝင်းသည် နဂိုကမှ အချစ်ကြီး၍ အမုန်းကြီးမုန်းနေသူပီပီ အဟောင်းကို အသစ် အသစ်ကိုအဟောင်းထင်သလိုမြင်နေ၍ အပြစ်ရှာနေသူဖြစ်သည်။ မချိုမာနှင့်ပေါင်းသင်းနေထိုင်ခဲ့ရာမှ တစ်ရွာတည်းနေ အမျိုးသမီးတစ်ဦးနှင့် နေထိုင်ခဲ့သဖြင့် ပုဒ်မ ၄၁၇ အရ ထောင်(၆)လနှင့် ငွေ(၁၀)သိန်းကုန်ခဲ့ဖူးသည်။ ဒီလိုအဖြစ်တွေကြောင့် မချိုမာက ကိုကျော်စိန်ဝင်းကို မပေါင်းနိုင်၍ ကွဲနေကြရသည်။

ကိုကျော်စိန်ဝင်းသည် မြစ်ကြီးနား-ဖားကန့်သို့ အလုပ်သွားလုပ်ခဲ့ရာမှ ရွာသို့ပြန်လာခဲ့သည့် ၂၅-၆-၂၀၁၈ ရက်နေ့ ညတစ်ညမှာ အရက်များအလွန်အကျွံမူး၍ လက်ထဲကအသင့်ပါလာသော ဓားရှည်နှင့် မချိုမာအိမ်ကို သွားရောက်ခဲ့ပြီး ည ၁၂ နာရီခန့်တွင် မချိုမာအိပ်နေသော အိမ်အပေါ်ထပ်သို့ တက်ရောက်ပြီး မချိုမာ၏ မျက်နှာ၊ ပါးစပ်၊ ခေါင်း၊ လက်များကို ဓားရှည်နှင့် ခုတ်ထွက်ပြေးသွားခဲ့သည်။

အမှုကို ခင်ဦးမြို့မရဲစခန်းမှ (ပ)၃၂၆/ အရ အမှုဖွင့်ပြီး အမှုစစ်အရာရှိ ဒုရဲအုပ် တင်ထူးကျော်မှ စစ်ဆေး၍ သက်သေများ သက်သေခံပစ္စည်းများနှင့် မှတ်တမ်းဓာတ်ပုံများ ရိုက်ယူခြင်းစသည့်ရဲလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုကို ခိုင်မာစွာ တည်ဆောက်၍ ခင်ဦးမြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့ရန် အပူတပြင်း ဆောင်ရွက်နေကြောင်း သိရသည်။

အုန်းကျော်(ခင်ဦး)

❖ ❖ ❖

## တပ်ကြပ်တစ်ဦး တာဝါတိုင်မှ ပြုတ်ကျသေဆုံး

**ချောက်မြို့နယ်တွင် ၂၂-၉-၂၀၁၈ ရက်နေ့က တပ်ကြပ်တစ်ဦး တာဝါတိုင်ပေါ်မှ ပြုတ်ကျသေဆုံးခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၂ ရက်နေ့ ညနေ ၅ နာရီခွဲအချိန်က လူတစ်ဦးတာဝါတိုင်ပေါ်မှ ပြုတ်ကျသေဆုံးကြောင်း သတင်းအရ ချောက်မြို့မရဲစခန်းမှူး ဒုရဲမှူး ခင်မောင်ရွှေ သွားရောက်စစ်ဆေးခဲ့ရာ ချောက်မြို့ အမှတ်(၁၄)စစ်ကွင်းရပ် ခလရ(၁၃)တပ်ဝန်းအတွင်းတွင် တပ်ကြပ် ညီညီဝင်း(၃၅)နှစ်၊ အမှတ်(၁၂)အဆင့်မြင့်ဆက်သွယ်မှုတပ်ရင်း၊ မုံရွာမြို့နယ်နေသူတွင် ဝဲဘက်ခြေသလုံးရိုးကျိုး၊ ယာပေါင်ရိုးကျိုး၊ ဦးခေါင်းယာဘက်ပေါက်ပြဲ၊ မျက်ခုံး/နာခေါင်း၊ ချိုစောင်းတို့တွင် ပေါက်ပြဲဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရ၏။

အဆိုပါဖြစ်စဉ်အား စုံစမ်းခဲ့ရာ သေဆုံးသူ တပ်ကြပ် ညီညီဝင်းအား ဆိပ်ဖြူမြို့နယ်၊ FOC စတေရှင်တွင် တာဝန်ပေးအပ်ထားသူသည် ဆိပ်ဖြူ-ချောက် Micro Link မကောင်းသဖြင့် အထက်၏ညွှန်ကြားချက်အရ အမြင့် ၄၆ မီတာရှိ တာဝါတိုင်ပေါ်သို့တက်၍ Out Door Unit အား ကြည့်ရှုစစ်ဆေးပြီး ပြန်ဆင်းရာ အမြင့် ၄၀ မီတာခန့်အရောက်တွင် ပြုတ်ကျခဲ့ကြောင်း စစ်ဆေးသိရှိခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် တပ်ကြပ် ညီညီဝင်းသေဆုံးမှုနှင့်ပတ်သက်၍ ချောက်မြို့မရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၅/၂၀၁၈ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

နွယ်နွယ်(မကွေး)



# မကြာခဏ စိတ်ဖောက်ပြန်သူ အမျိုးသားက အဘွားအိုတစ်ဦးကို ကိုင်းခုတ်ဓားဖြင့် ခုတ်သတ်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် အလယ်ကုန်းနယ်မြေရဲစခန်းအပိုင်တွင် မကြာခဏစိတ်ဖောက်ပြန်တတ်သူအမျိုးသားတစ်ဦးက အသက်(၈၅)နှစ်ရှိသူ အဘွားအိုဖြစ်သူကို ရုတ်တရက် စိတ်ဖောက်ပြန်ကာ ကိုင်းခုတ်ဓားဖြင့်ခုတ်သတ်လိုက်ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ၂၅-၉-၂၀၁၈ ရက်နေ့ ညနေ ၅ နာရီအချိန်ခန့်တွင် ဒေါ်ငွေး(၈၅)နှစ်၊ ကျွဲတဲကျေးရွာအုပ်စု၊ ကြို့ပင်ကောက်မြို့နယ်နေထိုင်သူသည် နေအိမ်တွင် ဦးထွန်းဝ(၈၄)နှစ်နှင့်အတူ ရှိနေပြီး ဦးထွန်းဝေမှာ နေအိမ်နောက်ဖေး၌ ရေချိုးနေစဉ် တစ်ရွာတည်းနေ ဦးထွန်းဝ၏ မြစ်တော်စပ်သူ အောင်အောင်(၃၉)နှစ်ဆိုသူ ရောက်ရှိလာပြီး ရေဝင်သောက်စဉ် ရုတ်တရက် စိတ်ဖောက်ပြန်ကာ အသင့်ပါလာသော အရိုးအသွား (၃)လက်မခန့်ရှိ ကိုင်းခုတ်ဓားဖြင့် ဒေါ်ငွေးအား ခုတ်လိုက်ရာ ဒေါ်ငွေးတွင် ဦးခေါင်းနောက်စေ့ပြတ်ရှဒဏ်ရာ (၂)ချက်၊ လည်ကုပ်မှ လည်ပင်းအထိ ပြတ်ရှဒဏ်ရာ(၁)ချက်ရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားသဖြင့် တစ်ရွာတည်းနေထိုင်သူ ရဲသူ(၂၅)နှစ်ဆိုသူမှ ပန်းတင်ရွာ ဘွတ်ရိုးအုပ်စုနေ ယောက်ဖတော်စပ်သူ ဒေါ်ငွေး၏ ပထမအိမ်ထောင်နှင့်ရသည့်သား နေမျိုးအောင်တို့ထံ ဖုန်းဆက်အကြောင်းကြားသဖြင့် သေဆုံးသူ ဒေါ်ငွေးပထမအိမ်ထောင်နှင့်ရရှိထားသော သားဖြစ်သူ နေမျိုးအောင်မှ အခင်းဖြစ်နေရာကို သွားရောက်ကြည့်ရှုခဲ့၏။

ထို့ကြောင့် မိခင်ဖြစ်သူအား ကိုင်းခုတ်ဓားဖြင့် ခုတ်သတ်သူ အောင်အောင်ဆိုသူအား အရေးယူပေးပါရန် ကြို့ပင်ကောက်မြို့နယ် အလယ်ကုန်းနယ်မြေရဲစခန်းတွင် တရားလိုပြုလုပ်တိုင်တန်းသဖြင့် (ပ)၇၄/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး ရဲအုပ် ငွေးကျော် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်တို့သည် အခင်းဖြစ်အရပ်သို့ သွားရောက်၍ စစ်ဆေးခြင်း၊ သေဆုံးသူ ဒေါ်ငွေး၏ အလောင်းကို ရဲဆေးစာပြုလုပ်ပြီး အလယ်ကုန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်အပ်နှံထားရှိပြီး တရားခံ အောင်အောင်အား ဖမ်းဆီး၍ စစ်ဆေးခြင်း၊ သက်သေခံပစ္စည်းကိုင်းခုတ်ဓားအား သိမ်းဆည်းကာ အမှုအား တရားစွဲတင်နိုင်ရေးအတွက် ရဲစခန်းလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ကိုနန္ဒ(လက်ပံတန်း)

>>>စာမျက်နှာ(၁၅)မှအဆက်

ဆောင်ရွက်ရမယ့်ကိစ္စဖြစ်နေတာကြောင့် မဖြစ်မနေ အမှုဖွင့်စစ်ဆေးပေးရပါမယ်။ မဖွင့်ဘူးဆိုရင် တာဝန်ပျက်ကွက်တာဖြစ်သလို ပြည်သူတွေအပေါ် သစ္စာဖောက်ရာလည်းကျပါတယ်။ပြည်သူတွေရဲ့မုန်းတီးမှုကိုလည်း ခံရပါမယ်။ ခံလည်းခံနေရပါပြီ။

ပြည်သူတစ်ယောက်ကို အမှုဖွင့်မပေးလိုက်လို့ ဒီတစ်ယောက်က ရဲကိုမကျေနပ်တော့ဘူးဆိုရင်၊ သူ့မိသားစု၊ သူ့ဆွေမျိုးတွေ၊ သူ့မိတ်ဆွေအပေါင်းအသင်းတွေ၊ ဆက်ပြီးဆက်ပြီး ရဲကိုမကျေနပ်တဲ့သူတွေ ဘယ်လောက်တိုးပွားလာမလဲ။ Facebook မှာပါတင်လိုက်ပြီဆိုရင် ရဲကိုမုန်းသွားမယ့် ပြည်သူအရေအတွက်ကို တွက်ချက်ကြည့်လိုက်စေချင်ပါတယ်။

ဒါကြောင့် အထက်လူကြီးတွေကလည်း မှုခင်းကျဆင်းရေး၊ မှုခင်းတွေလျှော့ချရေး၊ မှုခင်းတွေမဖြစ်ပွားရေးဆိုတာကို ဇောင်းပေးမနေတော့ဘဲ အမှုဖြစ်တယ်ဆိုတာ သဘာဝအရဖြစ်တာ၊ လူဦးရေများလာရင် အမှုတွေတိုးလာမယ်၊ နိုင်ငံစီးပွားရေးကျဆင်းရင် အမှုတွေများလာမယ်ဆိုတဲ့ အချက်တွေကို နားလည်လက်ခံပေးပြီး မှုခင်းကျဆင်းရေးအတွက် အလွန်အမင်း တွန်းအားပေးတာမျိုး မလုပ်သင့်တော့ပါဘူးလို့ ပြောပါရစေ။

တကယ်က မှုခင်းမဖြစ်ပွားအောင်တွန်းအားပေးတာထက် ဖြစ်ပွားတဲ့အမှုတွေကို ပေါ်ပေါက်အောင် စုံစမ်းဖော်ထုတ်ဖို့အတွက်သာ ဦးစားပေးဆောင်ရွင်သင့်တဲ့ ကာလရောက်နေပါပြီလို့လည်း ပြောပါရစေ။

ပြည်သူတွေကို သိစေချင်တာက အမှုဖြစ်လာရင်၊ ရဲအရေးပိုင်တဲ့အမှုဆိုရင် ရဲစခန်းကို တိုင်ရမှာပါ။ တိုင်ရင်ရဲက ဖွင့်ကိုဖွင့်ပေးရမယ်ဆိုတာ သိစေချင်ပါတယ်။ ရဲအရေးမပိုင်တဲ့ အမှုဖြစ်နေရင်တောင် ရဲကကူညီဆောင်ရွက်ပေးရမှာတွေရှိနေပါသေးတယ်။ အထက်မှာ ဖော်ပြတဲ့ နည်းတွေနဲ့ဝေ့လည်ကြောင်ပတ်လုပ်ပြီး အမှုဖွင့်မပေးဘူးဆိုရင် ရဲရဲတင်းတင်းပြောရုံပါပဲ။

ရဲကိုပြည်သူကကြောက်နေရတယ်ဆိုတဲ့ခေတ် မဟုတ်ပါဘူး။ အမှုဖွင့်မပေးရင် မီဒီယာကနေ ဖွင့်ချယုံပါပဲ။ အထက်ကိုတိုင်ကြားရုံပါပဲ။ ကျွန်တော်တို့ ပြည်သူတွေက အားနာတတ်တာကြောင့် ရှိပါစေတော့လို့လည်း လျှော့မပေးသင့်ပါဘူး။ အမှုတစ်မှုမဖွင့်လိုက်ဖူးဆိုရင် နိုင်ငံရဲ့တရားဥပဒေစိုးမိုးမှုအခြေအနေကို အကဲဖြတ်တဲ့နေရာမှာ အချက်အလက်မပြည့်မစုံဖြစ်စေနိုင်ပါတယ်။

ပြည်သူတွေအနေနဲ့ ဥပဒေကိုနားမလည်ဘူးဆိုပြီး ရဲကပြောသမျှကို လက်ခံယုံကြည်ပေးဖို့လည်းမလိုပါဘူး။ ဥပဒေဆိုတာကို ထိုက်သင့်သလောက်လေ့လာထားသင့်ပါတယ်။ ဒီဆောင်းပါးရေးရတာ အမှုတိုင်တန်းတာနဲ့ပတ်သက်လို့ ရဲမှာဘာတာဝန်ရှိတယ်ဆိုတာ ပြည်သူတွေသိစေချင်လို့ပါ။ အမှုဖွင့်ပြီးရင်လည်း စစ်ဆေးပေးရပါဦးမယ်။ မစစ်ဆေးရင် ရဲကိုပြောရပါမယ်၊ မေးရပါမယ်။ ရဲစခန်းမှာ အခက်အခဲတွေရှိနေတာ မှန်ပါတယ်။ ဒါကရဲကိစ္စပါ။ ရဲလူကြီးတွေ ဖြေရှင်းပေးရမယ့်ကိစ္စပါ။ အမှုက ချက်ချင်းကိုလုပ်ဆောင်ပေးရမယ့် ကိစ္စဖြစ်နေရင် ချက်ချင်းစစ်ဆေးဆောင်ရွက်ပေးရပါလိမ့်မယ်။ မစစ်ပေးရင် မေးရပါမယ်။

ဒီလိုသိထားမှ ရဲတွေရဲ့လိမ်ညာလှည့်ပတ်ခြင်းကိုမခံရမှာပါ။ ဒါကြောင့် ပြည်သူတွေအနေနဲ့ ဥပဒေပညာရပ်ကို တတ်နိုင်သမျှလေ့လာထားဖို့လိုအပ်ကြောင်းနဲ့ ရဲတွေကိုကြောက်စရာ၊ အားနာစရာမလိုအပ်ပါကြောင်း အသိပေးလိုက်ပါတယ်။

အမှုတိုင်တာကို ရဲကဖွင့်မပေးရင် ခုဖွင့်ပေးမှာလား၊ ဖွင့်မပေးဘူးလားလို့ ပြောင်မေးလိုက်ရုံပါပဲဗျာ။

လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းဝေးကြပါစေ။

ရဲမှူးကြီးမြင့်ဝေ(ငြိမ်း)

# (၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်ပွဲကျင်းပရာတွင် ဂုဏ်ပြုထိုက်သူများကို ဂုဏ်ပြုဆုချီးမြှင့်ခဲ့ရာ မှုခင်းသတင်း(ရန်ကုန်)မှ ရွှေကသစ် (စမ်းချောင်း)အား ရဲတပ်ဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်မှု သတင်းမီဒီယာအကောင်းဆုံးဆုများ ရရှိ





၂၀၁၈ ခုနှစ် (၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အနေဖြင့် ၂၈-၉-၂၀၁၈ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်အတွင်းရှိ စခန်းအသီးသီးမှ ဂုဏ်ပြုထိုက်သည့်တပ်ဖွဲ့ဝင်များအား ရရှိသည့်ဆုများပေးအပ်ခြင်း အခမ်းအနားကို မွန်းလွဲ ၃ နာရီအချိန်တွင် စတင်ကျင်းပခဲ့ရာ ရဲကျင့်ဝတ်(ပထမ)ရဲတပ်ကြပ် ရာဇာလတ်၊ ကညွတ်ကွင်းနယ်မြေရဲစခန်း၊ ရဲကျင့်ဝတ်(ဒုတိယ)ရဲတပ်သားဆုမင်းသက်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲကျင့်ဝတ်(တတိယ)ရဲတပ်သား မိုးမိုးမြင့်တို့မှ ဖြူးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်လွင်သန်း ဦးဆောင်၍ ချီးမြှင့်ပေးအပ်ခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့၏ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးများတွင် သတင်းမီဒီယာကဏ္ဍမှ စွမ်းစွမ်းတမံဖြင့် ပြည်သူများ သိရှိနိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့သော မှုခင်းသတင်းထောက် ရွှေကသစ်(စမ်းချောင်း)ကိုလည်း ရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှု သတင်းမီဒီယာအကောင်းဆုံးဆုအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် တပ်ဖွဲ့ဝင်(၁၄)ဦး စာရေးဝန်ထမ်း(၂)ဦး စုစုပေါင်း(၁၆)ဦးအား ဗလာမပါ ဆုမဲများဖောက်၍ ဆုမဲမှရရှိသည့်ပစ္စည်းများအား ပေးအပ်ခဲ့ပြီး ပျော်ရွှင်စွာဖြင့် အခမ်းအနားကျင်းပနိုင်ခဲ့ပြီး အခမ်းအနားအား ညနေ ၄ နာရီအချိန်ခန့်တွင် အောင်မြင်စွာဖြင့် ပိတ်သိမ်းခဲ့ကြောင်း သိရ၏။

ထို့အတူ အောက်တိုဘာ ၁ ရက်နေ့မှာလည်း အမှတ်(၈)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူးရုံး(တောင်ပိုင်း)မှ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူး အောင်ကြီး(ဦးစီး)သည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်မိသားစုမှလည်း (၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားအား ည ၈ နာရီအချိန်တွင် အစည်းအဝေးခန်းမတွင် စတင်ကျင်းပခဲ့ရာ သန်လျင်မင်းကျောင်းကျောင်းတိုက်မှ သံဃာတော်(၃)ပါးအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ရေစက်ချအမျှပေးဝေပြီးနောက် ဒုတပ်ဖွဲ့ခွဲမှူး အောင်ကြီးမှ ဖွင့်ပွဲအမှာစကားပြောကြားပြီးနောက် ဂုဏ်ပြုထိုက်သည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခဲ့ပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေခြင်းအား သတင်းမီဒီယာကဏ္ဍမှ စွမ်းစွမ်းတမံဖြင့် ပြည်သူများ သိရှိနိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့သော ဦးသန်းထွေး၊ ကလောင်အမည် ရွှေကသစ်(စမ်းချောင်း)အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်ခဲ့ပြီး တပ်ဖွဲ့ဝင်များ စိတ်ဘဝင်မှာ ရွှန်းပြုံးနိုင်စေရေးအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ဆုမဲဖောက်ပေးခဲ့ပြီး တပ်ဖွဲ့ဝင်မိသားစုများ ပျော်ရွှင်စွာဖြင့် လက်ဆုံစားပွဲဆင်နွှဲ၍ အခမ်းအနားအား အောင်မြင်စွာဖြင့် တစ်နှစ်တာဖြတ်သန်းနိုင်ခဲ့ကြောင်း သတင်းရရှိ၏။

ရွှေကသစ်(စမ်းချောင်း)

# ဓာတ်လိုက်ခံနေရတဲ့ ယာဉ်နောက်လိုက်ကို ဝင်ဆွဲတဲ့ ယာဉ်မောင်းသူပါ ဓာတ်လိုက်ခံရပြီး သေဆုံး

၂၄-၉-၂၀၁၈ ရက်နေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်ခန့်တွင် ဒုရဲအုပ် ကျော်ကျော်၊ မော်ဘီမြို့မရဲစခန်း တာဝန်မှူး တာဝန်ဆောင်ရွက်နေစဉ် မော်ဘီဆေးရုံတွင် လူတစ်ဦးဓာတ်လိုက်သေဆုံး၍ ရောက်ရှိနေကြောင်း သတင်းအရ စခန်းမှူး ဒုရဲမှူး မျိုးမြင့်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ နိုင်မျိုးဝင်း(ခ)ဗလကြီး၊ (၂၆)နှစ်၊ ယာဉ်မောင်း၊ စိုင်ကောင်းကျေးရွာ၊ နတ်မောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီးနေသူဖြစ်ပြီး ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမရှိဘဲ သေဆုံးနေသည်ကို တွေ့ရှိရ၏။

ထို့ကြောင့် ၎င်းအား ဆေးရုံသို့ပို့ဆောင်ပေးခဲ့သူ ကိုသန်းထွန်းနိုင်(၂၄)နှစ်၊ သံတိုသံစရောင်းဝယ်ရေး၊ ရန်ကုန်-ပြည်ကားလမ်းဘေး၊ ရေတွင်းကုန်းကြီးကျေးရွာ၊ လှည်းငုတ်ချောင်းကျေးရွာအုပ်စု၊ မော်ဘီမြို့နယ်နေသူအား စုံစမ်းမေးမြန်းရာ နိုင်မျိုးဝင်း(ခ)ဗလကြီးသည် စပါယ်ယာဖြစ်သူ ဦးအောင်ခင်(၄၃)နှစ်၊ မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ်နေသူတို့နှင့်အတူ YGN 9L/××××ဟီးနိုး(၆)ဘီး နီ/နက်ရောင် ယာဉ်ဖြင့် ရခိုင်ပြည်နယ် မင်းပြားမြို့နယ်မှ သံတိုသံစများတင်ဆောင်ပြီး မော်ဘီမြို့နယ်၊ လှည်းငုတ်ကျေးရွာအုပ်စု၊ ရေတွင်းကုန်းကြီးကျေးရွာ၊ ရန်ကုန်-ပြည်လမ်းဘေးနေ ကိုသန်းထွန်းနိုင်၏ သံတိုသံစများရောင်းဝယ်သည့်ဆိုင်သို့ လာရောက်ပို့ဆောင်ခဲ့၏။

ထိုသို့ပို့ဆောင်စဉ် ဆိုင်ရှေ့၌ စပါယ်ယာဖြစ်သူ ဦးအောင်ခင်မှာ ကားအမိုးပေါ်မှ သံတိုသံစအိတ်များအားချရန် တက်ရောက်နေစဉ် ရန်ကုန်-ပြည်လမ်းဘေးတွင် သွယ်တန်းထားသော ဗို့ 11000 ခန့်ရှိ လျှပ်စစ်ကေဘယ်ကြိုးစနှင့် ဦးခေါင်းအားထိမိရာ ကားအမိုးပေါ်တွင် ဓာတ်လိုက်နေသဖြင့် ယာဉ်မောင်းဖြစ်သူ နိုင်မျိုးဝင်း(ခ)ဗလကြီးမှ ကားအမိုးပေါ်တက်ပြီး ဝင်ရောက်ဆွဲရာ ၎င်းအား တပ်မံဓာတ်လိုက်ကာ ကားအမိုးပေါ်မှပြုတ်ကျသွားခဲ့၍ ၎င်းတို့နှစ်ဦးအား မော်ဘီဆေးရုံသို့ ပို့ဆောင်ခဲ့ရာ ဆေးရုံအရောက်တွင် နိုင်မျိုးဝင်း(ခ)ဗလကြီးမှာ ပြင်ပဒဏ်ရာတစ်စုံတစ်ရာမရှိဘဲ သေဆုံးသွားခဲ့ပြီး ဦးအောင်ခင်မှာ မော်ဘီဆေးရုံမှ တစ်ဆင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပြင်ပလူနာအဖြစ် တင်ပို့ကုသခဲ့ရကြောင်း ပြောပြသိရှိရပြီး အလောင်းအား မော်ဘီဆေးရုံမှ ဆရာဝန်မှ လက်ခံစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထိုသေဆုံးမှုနှင့်ပတ်သက်၍ ဒုရဲအုပ် ကျော်ကျော်မှ တရားလိုပြုလုပ်တိုင်တန်းသဖြင့် မော်ဘီမြို့မရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် (၁၅/၂၀၁၈)ဖြင့် အမှုဖွင့်ပြီး အမှုစစ် စခန်းမှူး ဒုရဲမှူး မျိုးမြင့်မှ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်/မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တာနွယ်

❖ ❖ ❖

